ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 6 August 2023 ၁၁၁၇၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မင်းလှမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးစပါးလျာထားချက် ၇၆၁၄၁ ဧက စိုက်ပျိုးပြီးစီး

မင်းလှ ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးရန်လျာထားချက် ၇၆၁၄၁ ဧကရှိရာ ယမန်နေ့က လျာထားချက် ပြည့်မီအောင် စိုက်ပျိုးပြီးစီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

မိုးစပါးကို ဇွန်လဆန်းပိုင်းမှ စတင်စိုက်ပျိုးခဲ့ကြပြီး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံစိုက်ပျိုးရေးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့ချကိရိယာဖြင့် လည်းကောင်း၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ကောက်စိုက်စက်ဖြင့် လည်းကောင်း ကူညီစိုက်ပျိုးပေးခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ✪



### ယနေ့ ဖတ်စရာ

**မာရဝိဇယကျောက်စာရုံစေတီတော်များကို အင်ဂျင်နီယာပညာရပ်၊ ဗိသုကာပညာရပ်များဖြင့် စနစ်တကျ တည်ဆောက်ထားသဖြင့် ကြည်ညိုဖွယ်လေ့လာနိုင်**

စာမျက်နှာ » ၃

**အကြောင်းကြောင့်အကျိုးဖြစ်လာရသည့် အာဏာသိမ်းမှုများနှင့် အပြောင်းအလဲမြန်သည့် အနောက်အာဖရိက ပထဝီနိုင်ငံရေး**

ဆောင်းပါး စာမျက်နှာ » ၆

**ခွန်အားဖြစ်စေသော စိတ်ထားမှသည် စိတ်ဓာတ်ခွန်အားမြင့်သူအဖြစ်သို့ .....**

ဆောင်းပါး စာမျက်နှာ » ၁၀

## မြန်မာ့အုန်းခွံလက်မှုထုတ်ကုန်များ အာရှ၊ ဥရောပနှင့် ဒူဘိုင်းတွင် ဈေးကွက်များရရှိနေ

ရန်ကုန် ဩဂုတ် ၅

မြန်မာ့အုန်းခွံလက်မှုထုတ်ကုန် အနုပညာပစ္စည်းများကို အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် ဒူဘိုင်းမှ စိတ်ဝင်စားနေပြီး ဈေးကွက်ရရှိနေကြောင်း အုန်းလက်မှုထုတ်ကုန်လုပ်ငန်းရှင်ထံမှ သိရသည်။

**အာရှနိုင်ငံများ ဝယ်ယူအားပေး**

လက်ရှိအချိန်တွင် မြန်မာ့အုန်းခွံ လက်မှုအနုပညာပစ္စည်းများကို အာရှနိုင်ငံများဖြစ်သည့် စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဂျပန် စသည့်နိုင်ငံများမှ ဝယ်ယူအားပေးလျက်ရှိပြီး ဥရောပနိုင်ငံများဖြစ်သည့် UK နှင့် US တို့မှလည်း မှာယူမှုများရှိနေသည်။

"မြန်မာ့အုန်းခွံ လက်မှုအနုပညာပစ္စည်းတွေကို စင်ကာပူ၊ ဂျပန်၊ မလေးရှား၊ ထိုင်း စတဲ့ အာရှနိုင်ငံတွေက မှာယူကြတယ်။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ❍



နိုင်ငံခြားတင်ပို့မည့် မြန်မာ့အုန်းခွံ လက်မှုထုတ်ကုန် အနုပညာပစ္စည်းများကို ခင်းကျင်းပြသထားစဉ်။

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၅

| | | |
|---|---|---|
| ခန္တီး | ၄ ဒသမ ၈၄ | လက်မ |
| ဘီးလင်း | ၄ ဒသမ ၈၄ | လက်မ |
| ကော့ကရိတ် | ၃ ဒသမ ၆၇ | လက်မ |
| ပိုင်ကျုံ | ၃ ဒသမ ၆၀ | လက်မ |
| ကျောက်တော် | ၃ ဒသမ ၄၆ | လက်မ |
| ကျိုက်ဒုံ | ၃ ဒသမ ၂၀ | လက်မ |
| ရှမ်းရွာသစ် | ၃ ဒသမ ၀၇ | လက်မ |
| လှိုင်းဘွဲ | ၂ ဒသမ ၈၈ | လက်မ |
| ဘူးသီးတောင် | ၂ ဒသမ ၈၇ | လက်မ |

ကြေးမုံ

# ယောနိသောမနသိကာရစိတ်ထား ဝမ်းမြောက်ဝမ်းသာမုဒိတာပွားများ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ပြီးမြောက်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူ ပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနား များကို ဩဂုတ်လ ၁ ရက်နေ့၊ ဒုတိယဝါဆိုလပြည့်နေ့တွင် အောင်မြင်စွာ ကျင်းပ ပြုလုပ်ခဲ့ရာ ဝမ်းမြောက်နုမော် သာဓုခေါ်ဆိုအပ်ပါသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များကို မြင့်မြတ်သည့်ဘုရားပရိဝုဏ် အင်္ဂါရပ်များနှင့်လျော်ညီအောင် ပြည့်စုံစွာထည့်သွင်းတည်ဆောက်ထားသည်မှာ စိတ်နှလုံးချမ်းမြေ့ဖွယ်ဖြစ်သည်။ ဘုရားဖူးလာပြည်သူများ အနားယူနိုင်ရန်နှင့် ရုပ်ပွားတော်မြတ်ကြီးအား စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရန် ဂန္ဓကုဋီတိုက်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးနှင့် ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကသုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာကြည်ညိုနိုင်ရေး စကျင် ကျောက်ချပ်များပေါ်၌ ပါဠိအက္ခရာ၊ ရိုမန်ဘာသာတို့ဖြင့် ထွင်းထုထားသည့် ကျောက်စာရုံစေတီ ၇၂၀ ကို လေ့လာကြည်ညိုသဒ္ဓါပွားနိုင်ကြပြီဖြစ်သည်။

ဗုဒ္ဓမြတ်စွာသာသနာတော်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်မှ မျက်မှောက်ခေတ်တိုင်အောင် ထေရဝါဒဗုဒ္ဓသာသနာကို အခိုင်အမာယုံကြည် ကိုးကွယ်ဆည်းကပ်ခဲ့ကြသည်။ ယခုအခါ ဗုဒ္ဓသာသနာတော် နေလိုလလို ထွန်းလင်း တောက်ပလျက်ရှိသည်ကို ထူးခြားအံ့ဖွယ်အပေါင်းစုံလင်သည့် ကမ္ဘာပေါ်ရှိထိုင်တော် မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားနိုင်မှုဖြင့် သက်သေ ထူပြနိုင်ခဲ့ပြီဖြစ်သည့်အပြင် သာသနာတော်၏အသက် သုံးလောကထွတ်ထား မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားရတနာကို ကမ္ဘာတည်သရွေ့ အရှည်ခံ့စေရန် မြော်ငံ့ရည်ရွယ်လျက် ကျောက်စာရုံစေတီတော်များ တည်ထားနိုင်ခဲ့သည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

အံ့ချီးဖွယ်ရာ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်မှုနှင့် မြတ်စွာဘုရားရှင် ၄၅ ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သော တရားရတနာများ မှတ်ကျောက်တင်နိုင်မှုတို့ကို အာရုံပြုရုံမျှဖြင့်ပင် ကုသိုလ်ကောင်းမှုများ တိုးပွားမည် မှာ မလွဲဧကန်ဖြစ်သည်။ မြတ်စွာဘုရားရှင်အားလည်းကောင်း၊ တရားတော်အား လည်းကောင်း စိတ်ဝယ်ညွတ်ထား အာရုံပြုခြင်းအားဖြင့် ကောင်းသောကုသိုလ်များ ရရှိကြသည့် သာဓကများစွာရှိသည်။ အသိဉာဏ်မြင့်မားသော လူသားများတွင် ရတနာသုံးပါးကို ကြည်ညိုသဒ္ဓါပွားလျှင် ရမည့်ကုသိုလ်များမှာ ပြောစရာမရှိပေ။ ရတနာသုံးပါးကို မသိနားမလည်သော တိရစ္ဆာန်ပင် ရတနာသုံးပါးကို နှစ်သက်သော အသိဖြစ်ပါက ကြီးမားသောကုသိုလ်ရနိုင်သည်ကို ကဿပဘုရားလက်ထက်က လင်းနို့သားငါးရာတို့၏ ကျွတ်တမ်းဝင်ခဲ့သည့်ဥပမာမှာ မှတ်သားဖွယ်ရာဖြစ်သည်။

သာသနာတော်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ကောင်းမှုကုသိုလ်တို့နှင့်စပ်လျဉ်း ၍လည်းကောင်း မိမိကိုယ်တိုင်မပြုလုပ်နိုင်သော်လည်း အခြားသူတစ်ပါး ပြုလုပ်မှု တို့အပေါ် မုဒိတာပွားခြင်း၊ သာဓုခေါ်ဆိုခြင်းဖြင့် မျှဝေကြရမည်ဖြစ်သည်။ ဆန့်ကျင် ဘက်အားဖြင့် သူတစ်ပါးပြုလုပ်သော ကောင်းမှုကုသိုလ်အပေါ် ကဲ့ရဲ့ခြင်း၊ အပြစ် တင်ခြင်း၊ ဝေဖန်ခြင်း၊ ပြက်ရယ်ပြုခြင်းပြုလုပ်ပါက လုံးဝမဖယ်ရှားနိုင်သော ကြီးမား သောအကုသိုလ်ကံများ လိုက်ပါလာနိုင်သည်ကို သတိပြုဖို့လိုသည်။ မနာလိုဝန်တို တတ်သည့် အကုသိုလ်သည် လွန်စွာကြောက်ဖွယ်ကောင်း၏။ ကောင်းမှုကုသိုလ်များ အား မိမိမပြုလုပ်နိုင်လျှင်လည်း ယောနိသောမနသိကာရ သင့်တင့်မှန်ကန်စွာ နှလုံး သွင်းကာ အကုသိုလ်ရှောင်ကွင်း၍ ကုသိုလ်ဖြစ်အောင် ကြိုးစားအားထုတ်သင့်သည်။

သို့ဖြစ်ရာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကျောက်စာရုံစေတီတော် များအား အောင်မြင်စွာတည်ထားပြီး ရေစက်သွန်းချမင်္ဂလာ၊ ကုသိုလ်တော်မဟာ မင်္ဂလာအခမ်းအနားများပြုလုပ်ပြီးဖြစ်ရာ ရဟန်းရှင်လူ အများပြည်သူများ ဖူးမြော် ကြည်ညိုနိုင်ရေးအလို့ငှာ ဩဂုတ်လ ၈ ရက်နေ့မှ ၁၆ ရက်နေ့အထိ လုံခြုံရေးအရ စစ်ဆေးမှုကိုခံယူကာ အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ပြီဖြစ်၍ ရဟန်း၊ ရှင်လူ ပြည်သူများအနေဖြင့် ကောင်းမှုကုသိုလ်များ ရယူနိုင်ကြပြီဖြစ်သလို ဤသို့တည်ထား ကုသိုလ်ပွားများ ရယူနိုင်ကြမှုများကို ယောနိသောမနသိကာရ ကောင်းသော စိတ်ထားများဖြင့် မုဒိတာပွားများ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမည်ဖြစ်ပါ ကြောင်း။ ။


# (၁၂)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ

**The 12th Traditional Medicine Research Congress**

**၂၀၂၂ ခုနှစ် ၊ ဩဂုတ်လ (၇-၈) ရက်**

**တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး**


# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစု များသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်း မြို့နယ်ရှိ ပရဟိတမင်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာခိုနန်းပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သာသနာရက္ခိတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ရေလယ်ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ ဇေယျာဝတီစာသင်တိုက်၊ သာကေတမြို့နယ်ရှိ ဇေတဝန်စာသင်တိုက်၊ အင်းစိန်မြို့နယ်ရှိ မဟာမြိုင်သာသနဝိပုလကာရီကျောင်းတိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ပါလျှံကျောင်းတိုက်များသို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မဟာဝိသုတာရာမ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဘုံကျော်တိုက်ကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ တောင်ခွင်မင်းကြီးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ စိန်ရတနာမိတ္ထီလာစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဇေတဝန်မြို့ဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မြောင်းမြပရိယတ္တိစာသင်တိုက်များသို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဝါထွန်းရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်တွင် ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ်မြို့နယ်ရွှေဝါထွန်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အမှတ်(၁၂)ရပ်ကွက် အသင်းရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ အစည်းအဝေးတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်က သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ရွှေဝါထွန်းရောင်းဝယ်ရေးအသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းက အသင်းသားများသို့ အစုပေါ်အမြတ်ငွေနှင့် အသင်းဝင်သား သမီးများ၏ တက္ကသိုလ်ဝင်တန်းအောင်သော ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်နိုင်ခဲ့ပြီး အသင်းသားများ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## မာရဝိဇယကျောက်စာရုံစေတီတော်များကို အင်ဂျင်နီယာပညာရပ်၊ ဗိသုကာပညာရပ်များဖြင့် စနစ်တကျတည်ဆောက်ထားသဖြင့် ကြည်ညိုဖွယ်လှလာနိုင်

နေပြည်တော် ဩဂုတ် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာ ဋီကာကျမ်းစာများကို ဖတ်ရှုလေ့လာနိုင်ရန်အတွက် ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာစာတွင် ကျောက်စာရုံစေတီအဆူ ၇၂၀ ကို စနစ်တကျ တည်ဆောက်ထားရှိပါသည်။ ကျောက်စာရုံစေတီ တစ်ဆူချင်း၏ အတွင်းတွင် ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးထားသော ကျောက်စာနှစ်ချပ်စီအား လေ့လာဖတ်ရှုနိုင်စေရေး ခေတ်မီစက်ကိရိယာများအသုံးပြု၍ ရေးထိုးပူဇော်ထားရှိပါသည်။



ကျောက်စာရုံစေတီများကို တည်ဆောက်ရာတွင် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ပညာရှင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ပညာရှင်များ၊ အခြား အရပ်ဘက်ကျွမ်းကျင်ပညာရှင်များက ခေတ်မီစက်ပစ္စည်းကိရိယာများ အသုံးပြု၍ စနစ်တကျ တည်ဆောက်ခဲ့သည့်အတွက် ကျောက်စာရုံစေတီအဆူ ၇၂၀ အား ရှုထောင့်ပေါင်းစုံမှ သပ္ပာယ်စွာဖြင့် ယခုလိုကြည်နူးစွာ ဖူးမြော်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ်လ ၈ ရက်နေ့မှစ၍ ၁၆ ရက်နေ့အထိ လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ကာ အခမဲ့ဝင်ရောက် ဖူးမြော်ချိန်၌ ကျောက်စာရုံ စေတီတော်များ၏ တရားတော်များနှင့် ဗိသုကာလက်ရာ၊ အင်ဂျင်နီယာပညာရပ်များကို ဖူးမြော်လေ့လာနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော် အပ်ပါသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး Myanmar Cyber Security Challenge 2023 (အလွတ်တန်းအဆင့်) ပြိုင်ပွဲတက်ရောက်ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၅

Myanmar Cyber Security Challenge 2023 (အလွတ်တန်းအဆင့်) ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲဖွင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် အသင်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲသို့ တပ်မတော်နည်းပညာတက္ကသိုလ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် အစိုးရနည်းပညာကောလိပ်/သိပ္ပံများမှ အသင်း ၂၅ သင်း၊ ကျောင်းသား ကျောင်းသူစုစုပေါင်း ၇၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး (UI$ Team) အသင်းက ပထမ၊ (n00b_779082) အသင်းက ဒုတိယနှင့် (U_SH3LL) အသင်းက တတိယရရှိခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆုရရှိသည့်အသင်းများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။



မြန်မာနိုင်ငံတွင် Myanmar Cyber Security Challenge ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ အကန့်အသတ်ကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ၂၀၂၂ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့ကာ ယခု ၂၀၂၃ ခုနှစ်တွင် (၇)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲမှ အနိုင်ရထူးချွန်သူများကို အာဆီယံဒေသတွင်း နိုင်ငံများတွင် ကျင်းပသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဟိုပုံးမြို့နယ်၌ ခာတ်မြေသြဇာထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

ဟိုပုံး ဩဂုတ် ၅

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးသည် ယနေ့နံနက် ၈ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ လွယ်အွန့်ကျေးရွာအုပ်စု ညောင်ဖြူကျေးရွာတွင် ဦးကျော်စိုးမွေးမြူထားသော အသားတိုးဝက်ကောင်ရေ ၂၀၀ ခြံ၊ ဥစားကြက်ခြံ၊ မီးမလွတ်ကြက်သားပေါက်ခြံနှင့် အစာစပ်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ(ဟိုပုံး) ကျောင်းအုပ်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများသည် မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် ဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး တောင်သူများအား ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟိုပုံးမြို့ ပေါင်လင်းကျေးရွာအုပ်စု ဟဲလုံကျေးရွာ ဟိုပုံး-ဆီဆိုင်သွားကားလမ်းဘေးရှိ အစေ့ထုတ်ပြောင်းခြံအား သွားရောက်ကြည့်ရှုကြပြီး ပြောင်းစိုက်တောင်သူများအား ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

၎င်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးတွင် ဟိုပုံးတပ်နယ်မှ ဝန်ထမ်းများအတွက် ကြက်သား၊ ကြက်ဥ၊ ဝက်သား၊ နွားနို့၊ ဒိန်ချဉ်၊ ဟင်းသီးဟင်းရွက်နှင့် အသားစည်သွပ်ဘူး၊ တပ်မတော်အသုံးအဆောင်ပစ္စည်းများ ရောင်းချပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ဟိုပုံးမြို့ ဟိုနမ့်တွင် သီးနှံအခြောက်ခံစက်ရုံအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟိုပုံးရေထွက်အား သွားရောက်ကြည့်ရှုရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွန်းက ဟိုပုံးရေထွက်ကြီး အပန်းဖြေစခန်းမွမ်းမံရေးလျာထားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေထွက်အတွင်း ကြည့်ရှုကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ မြင်းစီးအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံလမ်းညွှန်

**ရန်ကုန် ဩဂုတ် ၅**

မြင်းစီးအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံလမ်းညွှန်ဆွေးနွေးသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ပတ္တမြားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရန်ကုန်မြင်းစီးအသင်း ( YECC )ဥက္ကဋ္ဌနှင့် မြင်းစီးကလပ်အသီးသီးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။



**နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွဲ့ချုပ်များသည် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ လုပ်ဖော်ကိုင်ဖက်များအဖြစ် ခံယူထားပါကြောင်း၊ စည်းလုံးညီညွတ်မှုအားဖြင့် ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အားကစားနည်းပေါင်းစုံ၌ ကလပ်အသင်းများ ဖွဲ့စည်းရေးကို ဆောင်ရွက်လျက်ရှိပြီး အားကစားကလပ်များသည် အဖွဲ့ချုပ်များတွင် မှတ်ပုံတင်၍ မိမိဝါသနာပါသော အားကစားနည်း အောင်မြင်ရေးကို ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ချုပ်အကြံပေး၊ ရန်ကုန် မြင်းစီးအသင်း၊ (AAA)မြင်းစီးကလပ်၊ ကြည်သာအေးမြမြင်းစီးကလပ်၊ Gallop Myanmar မြင်းစီးကလပ်အသင်းနှင့် ရှမ်းပြည်နယ် မြင်းစီးအသင်းတို့မှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များက လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်လိုသော လုပ်ငန်းရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မြင်းစီးကလပ်အသင်းများ တိုးပွားလာရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ထွက်ပေါ်ရေး၊ အဖွဲ့ချုပ်နှင့် ကလပ်အသင်းများ အပြန်အလှန်အမှီသဟဲပြု၍ အားကစားနည်း အောင်မြင်ရေးကို ပူးပေါင်းဆောင်ရွက်ပေးရေး၊ မြင်းစီးအားကစားနည်း ဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ဝင်းအတွင်းရှိ အမျိုးသား/ အမျိုးသမီး လေးထပ် အိပ်ဆောင်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်းသို့ သွားရောက်၍ အလှူငွေကျပ် ၁၀ သိန်းပေးအပ်ရာ ဥက္ကဋ္ဌ ဦးစိုးသိန်းက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဂေါက်သီးလေ့ကျင့်ရေးကွင်း တည်ဆောက်နေမှုနှင့် မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်၌ မျိုးဆက်သစ်လူငယ်များ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**

# ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဩဂုတ် ၅**

ကယားပြည်နယ် အစိုးရအဖွဲ့မှ လွိုင်ကော်မြို့နယ် အတွင်း တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)၌ ဘောလုံးပွဲကြည့်စင်များ ပြန်လည်မွမ်းမံပြုပြင်တည်ဆောက်နေမှုများနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ထပ် ဧည့်ရိပ်သာအသစ် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ တည်ဆောက်ရေး ကုမ္ပဏီဝန်ထမ်းများနှင့်တွေ့ဆုံပြီး တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ ဝန်ထမ်းအိမ်ရာများနှင့်စပ်လျဉ်း၍ ပြည်နယ် မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ရှင်းလင်းတင်ပြခဲ့မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပြီးစီးသည့် ဝန်ထမ်းအိမ်ရာများနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တည်ဆောက်နေသည့် ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးစေရေးနှင့် အရည်အသွေးများ ကောင်းမွန်စေရေးတို့ အတွက် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။ အဆိုပါ ဆောက်လုပ် ပြီးစီးသွားသည့် ဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ဌာနများအလိုက် တိုက်ခန်းနေရာ ချထားပေးရေးတို့ကို ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

### ○ ရှေ့ဖုံးမှ

ဒူဘိုင်းက မှာယူတာအချို့ရှိလာသလို ဒူဘိုင်းကလည်းဝယ်ယူဖို့ ဈေးညှိနှိုင်းတာတွေရှိနေပြီး UKနဲ့ USနိုင်ငံတွေကလည်း မှာယူတာတွေ ရှိနေတယ်။ သီရိလင်္ကာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့ကလည်း အုန်းလက်မှုလုပ်ကိုင်နေသူအချင်းချင်း မှာယူနိုင်ဖို့ အွန်လိုင်းကနေ မိတ်ဖွဲ့ထားတာတွေလည်း ရှိပါတယ်''ဟု အုန်းလက်မှုထုတ်ကုန်လုပ်ငန်းရှင် တစ်ဦးဖြစ်သည့် ကိုဖိုးဇော်က ပြောသည်။

အုန်းခွံလက်မှုထုတ်ကုန်များအဖြစ် အုန်းခွံဖြင့် ပြုလုပ်ထားသောမီးအိမ်များ၊ အုန်းခွံဖြင့်ပြုလုပ်ထားသော ရေနွေးအိုး၊ ခွက်၊ ဇွန်း၊ အုန်းခွံဖြင့် ပြုလုပ်ထားသော ကြယ်သီး၊ နားကပ်၊ လည်စွဲနှင့် လက်ကိုင်အိတ် အမျိုးမျိုး စသည့်ထုတ်ကုန်များကို ထုတ်လုပ်ပြီး အုန်းခွံဖြင့်ပြုလုပ်သော ကြယ်သီးများကို ပြည်တွင်း၊ ပြည်ပ အထည်ချုပ်စက်ရုံများမှ ကြိုက်နှစ်သက်ပြီး ဝယ်ယူမှုအများဆုံးပစ္စည်းများ ဖြစ်ကြောင်း သိရသည်။

အုန်းထုတ်ကုန်ပစ္စည်းများ ပြည်ပတွင်ဈေးကွက်ရရှိလာသော်လည်း အခက်အခဲအနေဖြင့် သယ်ယူပို့ဆောင်စရိတ်များ ကြီးမြင့်ခြင်း၊ ရင်းနှီးမြှုပ်နှံပေးမည့်သူမရှိခြင်းနှင့် လုပ်ငန်းကျွမ်းကျင်ပြီး ပစ္စည်းထုတ်လုပ်နိုင်သည့် လုပ်သားနည်းပါးခြင်းများကို ကြုံတွေ့နေရကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

**တီစီ**

### ❂ မင်းလှမြို့နယ်မှ

၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးခြင်းကို ရေမြေသဘာဝအလိုက် အစိုကြဲခင်းနှင့် အခြောက်ကြဲခင်း ၂၇၂၈၂ ဧက၊ Seeder စိုက်ခင်း ၃၄၄၅၉ ဧက၊ ပျိုးထောင်၊ ပေါင်းပျိုး၊ ရိုးရိုးပျိုး၊ SRI၊ ကောက်စိုက်စက်တို့ဖြင့် ဧက ၁၄၄၀၀ စုစုပေါင်း ၇၆၁၄၁ ဧကအား စိုက်စနစ်များအလိုက် စိုက်ပျိုးပြီးစီးခဲ့ကြောင်း၊ စပါးမျိုးများမှာ ဆင်းသုခ၊ ရတနာတိုး၊ ကရင်မ၊ မှော်ဘီ- ၃၊ ရက်ကိုးဆယ်၊ GW-11၊ ထိုင်းနံ့ကောက်နှင့် ရေနံ့သာပေါ်ဆန်းတို့ဖြစ်ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**



# ဟုမ္မလင်းမြို့နယ် နားနုန်းကျေးရွာ၌ တောင်သူများအား ဓာတ်မြေဩဇာပေးအပ်ပွဲကျင်းပ

**ဟုမ္မလင်း ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဟုမ္မလင်းမြို့နယ် နားနုန်းကျေးရွာတွင် တောင်သူများအား ဓာတ်မြေဩဇာ ပံ့ပိုးပေးအပ်ခြင်းအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီတွင် တောင်သူဦးအောင်စိုးလွင်၏ စိုက်ပျိုးပြီး ဆင်းဧကရီ-၃ မိုးစပါးစိုက်ခင်း၌ ပြုလုပ်ခဲ့သည်။

မိုးစပါးတင်း ၁၀၀ အထက် ထွက်ရှိရေး စံပြကွက် ၄၅ ဧက ဆောင်ရွက်မည့် တောင်သူများအား ဓာတ်မြေဩဇာ ပံ့ပိုးပေးအပ်ခြင်းနှင့် စပါးသက်တမ်းအလိုက် အမှန်တကယ်လိုအပ်သည့် အာဟာရပေးစွမ်းနိုင်သည့် ဓာတ်မြေဩဇာအမျိုးအစားများအား ထိရောက်စွာ သုံးစွဲရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျရောစပ်ကာ အချိန်ကိုက် သုံးစွဲနည်းများကို မြေပြင်ကွင်းဆင်း အသိပညာပေး ဆွေးနွေးခြင်းများအား ဝန်ထမ်းများက ဆောင်ရွက်ကြပြီး တောင်သူများက သိရှိလိုသည်များ မေးမြန်းကာ မိုးစပါးစိုက်ခင်းများအား ကွင်းဆင်း ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းပညာပေးဆွေးနွေးပွဲသို့ ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးနှင့် ဝန်ထမ်း ခြောက်ဦး၊ တောင်သူ ၃၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် တန်ဖိုးသင့်အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ပြည်သူများအား ရောင်းချပေးနေမှုကြည့်ရှုအားပေး

**မုံရွာ ဩဂုတ် ၅**

မုံရွာမြို့ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုဈေးကြီး၌ ယနေ့တွင် စားသုံးသူရေးရာ ဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်နှင့် ထုတ်လုပ်ရောင်းချသူများအသင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်းနှင့် အသား၊ ငါး၊ ကြက်ဥမွေးမြူထုတ်လုပ်ရောင်းချသူများအသင်းတို့ ပူးပေါင်း၍ ပြည်သူများ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ ရောင်းချပေးနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ စားအုန်းဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် မုံရွာမြို့ပေါ်ရှိ ဈေးများ၊ ရပ်ကွက်များနှင့်ရုံးများတွင် အပတ်စဉ် စနေနေ့တိုင်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုဈေးကြီးအတွင်း ရောင်းချလျက်ရှိသည့် မုံရွာမြို့နှင့်အနီးဝန်းကျင်ရှိ ကျေးရွာများမှ စိုက်ပျိုးထွက်ရှိသည့် စားသုံးသီးနှံကုန်စိမ်း၊ မွေးမြူရေးခြံထွက်အသား၊ ဥနှင့် ကုန်ခြောက်ရောင်းချနေသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ပြီး ဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများအနေဖြင့် အမှိုက်များစနစ်တကျစွန့်ပစ်ရေး၊ ဈေးပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်စွာဖြင့်ရောင်းချရေး၊ ဈေးရောင်းဈေးဝယ်လာရောက်ကြသည့် ပြည်သူများ မော်တော်ယာဉ်ရပ်နားစခန်းတွင် စည်းကမ်းတကျရပ်နားရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပုသိမ်မြို့၌ Pathein League 2023 အမှတ်ပေး ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**ပုသိမ် ဩဂုတ် ၅**

အမှတ်ပေးဘောလုံးပြိုင်ပွဲမှတစ်ဆင့် သက်တမ်းအလိုက်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်မှသည် နိုင်ငံ့လက်ရွေးစင်များအထိ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ Pathein League 2023 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ကျောက်တိုင်အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

Pathein League 2023 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နယ်ပယ်အသီးသီးရှိအားကစားကဏ္ဍအလိုက် အားပေးမြှင့်တင်လျက်ရှိရာ ယခုကဲ့သို့ အားကစားစိတ်ဓာတ် မြင့်မားသည့်Pathein League 2023 ပြိုင်ပွဲ ကျင်းပနိုင်ခြင်းဟာလည်းတိုင်းဒေသကြီး၏ဘောလုံးအားကစားကဏ္ဍမြင့်မားစေရေးအတွက် များစွာအထောက်အကူဖြစ်ပါကြောင်း၊ အားကစားသမားများ၊ အသင်းတည်ထောင်သူများအနေဖြင့်လည်း မိမိတို့အသင်းအတွက် တန်ဖိုးရှိအားကစား ဖြစ်စေရေး၊ ထိုမှတစ်ဆင့် တိုင်းဒေသကြီးနှင့်နိုင်ငံ့လက်ရွေးစင်အားကစားသမားများ ဖြစ်စေရေး ကြိုးစား ပါဝင်ဆင်နွှဲကြရန် တိုက်တွန်းမှာကြား၍ဘောလုံးပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် Pathein League 2023 ပြိုင်ပွဲအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးတို့က ရန်ပုံငွေများနှင့် အားကစား ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။





**အသင်း ၁၀ သင်းဖြင့် ယှဉ်ပြိုင်သွားမည်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဖွင့်ပွဲစဉ်အဖြစ် Ranger FC အသင်းနှင့် KKL FC အသင်းတို့၏ အကြိတ်အနယ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးခဲ့သည်။ Pathein League အနေဖြင့် မြန်မာနိုင်ငံအရပ်ရပ်ရှိ အပျော်တမ်းအမှတ်ပေး League ငါးခုတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ၂၀၂၁ တွင် ပြိုင်ပွဲဝင်အသင်းခြောက်သင်း၊ ၂၀၂၂ တွင် ပြိုင်ပွဲဝင်အသင်း ရှစ်သင်း၊ ယခုနှစ် Pathein League ၂၀၂၃ တွင် ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော် စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား (EV) ပြပွဲဆက်လက်ကျင်းပ

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော် စက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် လျှပ်စစ်ကား(EV)ပြပွဲကို ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပလျက်ရှိရာ လာရောက်ကြည့်ရှုဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

၂၀၂၃ ခုနှစ် မိုးရာသီဈေးရောင်းပွဲတော်စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV) ပြပွဲတွင် "ရန်ကုန်တိုင်းဒေသကြီးက ထုတ်ကုန်ပစ္စည်းများသာမက ကချင်ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ)၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် ထုတ်ကုန်ပစ္စည်းများကို ပြသထားသည်။



ယင်းအပြင် လူငယ်လူရွယ်များအတွက် E-Sport Game များ၊ Entertainment Zone များကိုစီစဉ်ပေးထားပြီး မိုးရာသီဈေးရောင်းပွဲတော်စက်မှုထုတ်ကုန်ပြပွဲနှင့် လျှပ်စစ်ကား(EV)ပြပွဲ"တွင် UMFCCI နှင့် ညီနောင်အသင်းများဖြစ်သည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ MSME လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ သမဝါယမအသင်းများ၏ ထုတ်ကုန်အရောင်းပြခန်းများ၊ ဆန်၊ ဆီနှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်ခန်းကြီးများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်အရောင်းပြခန်းများ၊စားသောက်ဆိုင်ခန်းများအပါအဝင်ဆိုင်ခန်း



မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ စားသုံးသူ ပြည်သူများအတွက် သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီများကို ရောင်းချပေးနေစဉ်။

ပေါင်း ၃၂၀ ခန်း၊ လျှပ်စစ်ကား (EV)ပြခန်းခုနစ်ခန်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ လာရောက်ပြသကြသည့်ထုတ်ကုန်ပစ္စည်းအရောင်းပြခန်းများအနေဖြင့် ကချင်ပြည်နယ်မှတစ်ခန်း၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ)မှ သုံးခန်း၊ ပဲခူးတိုင်းဒေသကြီးမှ ရှစ်ခန်း၊ မန္တလေးတိုင်းဒေသကြီးမှ သုံးခန်း၊ ရှမ်းပြည်နယ်မှ လေးခန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ခုနစ်ခန်း စုစုပေါင်း အရောင်းပြခန်းကြီး/ငယ်ပေါင်း ၃၅၄ ခန်းကိုပြသထားကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းများနှင့်အတူ ရယူအပ်ရာသင်ခန်းစာများ

# အကြောင်းကြောင့်အကျိုးဖြစ်လာရသည့် အာဏာသိမ်းမှုများနှင့် အပြောင်းအလဲမြန်သည့် အနောက်အာဖရိက ပထဝီနိုင်ငံရေး

မြင့်မြတ်

တပ်မတော်ကအာဏာသိမ်းလို့ အာဏာသိမ်းတပ်မတော်အစိုးရကိုထောက်ခံတယ်ဆိုတဲ့ ပြည်သူတွေနေတဲ့နိုင်ငံတွေ ကမ္ဘာမှာ အမှန်တကယ်ကို ရှိလာနေပါတယ်။ အနောက်အာဖရိက က ထွန်းသစ်စဒီမိုကရေစီနိုင်ဂျာနိုင်ငံရဲ့ ဖြစ်စဉ်ကိုပဲကြည့်ပါ။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း အမေရိကန်နဲ့အနောက်အုပ်စု ကျောထောက်နောက်ခံပြု မိုဟာမက်ဘဇွန်းဆိုတဲ့ ရွေးကောက်ခံသမ္မတတစ်ယောက် ဇူလိုင်လ ၂၆ ရက်နေ့က နိုင်ဂျာတပ်မတော်ရဲ့ ဖမ်းဆီးထိန်းသိမ်းခံလိုက်ရတဲ့ ဖြစ်စဉ်ဖြစ်ပွားခဲ့ပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျပြီး မတည်ငြိမ်၊ မအေးချမ်း၊ ဆင်းရဲတွင်းနက်လှတဲ့ အာဖရိကနိုင်ငံငယ်တွေမှာ မကြာခဏဆိုသလို အာဏာသိမ်းမှုဖြစ်စဉ်တွေဖြစ်လေ့ရှိတာ အထူးအဆန်း မဟုတ်သလိုပါပဲ။ ထူးဆန်းတာက ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံမှာ ဘာကြောင့်အာဏာသိမ်းမှုဖြစ်စဉ် ပေါ်ပေါက်ရပါသလဲ။ ယခုနောက်ဆုံးအာဏာသိမ်းမှုကို နိုင်ဂျာပြည်သူတွေ ဘာကြောင့်ထောက်ခံကြသလဲ။ အိမ်နီးချင်းနိုင်ငံတွေကကော အာဏာသိမ်းနိုင်ဂျာတပ်မတော်နဲ့ နိုင်ဂျာပြည်သူတွေဘက်က ဘာကြောင့်ရပ်တည်ထောက်ခံကြပါသလဲ။ စဉ်းစားစရာတွေရှိလာခဲ့ပါတယ်။




နိုင်ငံတကာ အရေးယူပိတ်ဆို့မှုများကို ဆန့်ကျင်ဆန္ဒပြနေသည့် နိုင်ဂျာပြည်သူများကို တွေ့ရစဉ်။

**အာဖရိကပြည်သူတွေအတွက် ဘယ်သူကမိတ်ဆွေလဲ**

တကယ်တော့ မိုဟာမက်ဘဇွန်းဟာ ဒီမိုကရေစီနည်းကျ ရွေးကောက်ခံသမ္မတတစ်ဦးပါ။ ပြင်သစ်ကိုလိုနီဖြစ်ခဲ့ဖူးပြီး ပြင်သစ်ဩဇာခံအရပ်သားအစိုးရဆိုရင်လည်း မမှားဘူးပေါ့၊ အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ အခိုင်အမာထောက်ခံမှုနဲ့ သူတို့ဆီက စစ်ရေးအထောက်အပံ့အပါအဝင် အကူအညီအမြောက်အမြားရထားတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ နိုင်ငံအခြေအနေကတော့ လက်ရှိမှာ တင်းမာနေဆဲပါပဲ။ အာဏာသိမ်းတပ်မတော်ကို အာဖရိကသမဂ္ဂ၊ နိုင်ဂျီးရီးယားသမ္မတ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေပြီး ၁၅ နိုင်ငံပါဝင်တဲ့ Economic Community of West African States(ECOWAS) လို့ခေါ်တဲ့ အာဖရိကအနောက်ပိုင်းနိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံအချို့နဲ့ ထုံးစံအတိုင်း ဥရောပသမဂ္ဂလိုအနောက်တိုင်းအဖွဲ့တွေကတော့ မထောက်ခံစီးပွားရေးပိတ်ဆို့ကန့်ကွက်ကြတော့တာပါပဲ။ ဒါပေမဲ့ ECOWAS အဖွဲ့ဝင်အဖြစ်က ဆိုင်းငံ့ခံထားရတဲ့အိမ်နီးချင်း မာလီနဲ့ ဘူကီနာဖတ်ဆိုနိုင်ငံများကတော့ အာဏာသိမ်းနိုင်ဂျာခေါင်းဆောင် အဗ္ဗဒူရာမိန်းချီရာနီ ဦးဆောင်တဲ့ အမိမြေကာကွယ်စောင့်ရှောက်ရေး အမျိုးသားကောင်စီကို တစ်သွေးထဲတစ်သားထဲ အခိုင်အမာထောက်ခံကြပါတယ်။

ယူကရိန်းပဋိပက္ခမှာ နာမည်ကျော်ခဲ့တဲ့ ဝဂ်နာ

> **နိုင်ဂျာမှာ ပြည်တွင်းအုပ်စုတွေကို မြှောက်ပင့်သွေးထိုးပြီး နိုင်ငံမတည်မငြိမ်ဖြစ်အောင် လုပ်မှာသေချာပါတယ်။ အိမ်ကြက်ချင်းအိုးမဲသုတ် ဒီလိုလုပ်ကွက်မျိုးဟာ အမေရိကန်နဲ့ ပြင်သစ်တို့ အကျွမ်းကျင်ဆုံးလုပ်ရပ်တွေပါပဲ။ အမေရိကန်နဲ့ ပြင်သစ်ဘာလုပ်နိုင်မလဲ၊ သူတို့လုပ်နိုင်တာက ECOWAS ကို တစ်ဆင့်ခံကြိုးကိုင်၊ နိုင်ဂျာပြည်တွင်းထဲ ဝင်တိုက်ခိုင်း၊ အာဖရိကသားအချင်းချင်း စစ်ကိုဖန်တီး ဒီလိုလုပ်နိုင်စရာတော့ရှိပါတယ်။ မြန်မာနိုင်ငံပြည်တွင်းရေးကို ဆိုးသထက်ဆိုးအောင် အာဆီယံကို ကြိုးကိုင်ခြယ်လှယ် ပြဿနာဖန်တီးလိုက်တဲ့ ပုံစံတူပါပဲ။ တစ်နိုင်ငံချင်း ပြည်တွင်းပဋိပက္ခကနေ ဒေသတွင်းပဋိပက္ခကြီးအထိ ဖန်တီးပြီး ကိုယ့်အလိုကျ ကိုယ့်အမျိုးသားအကျိုးစီးပွားဆောင်ရွက်သွားကြမယ့် အခြေအနေကို တွေ့မြင်နေရ**

ပုဂ္ဂလိက စစ်ဘက်အဖွဲ့ကလည်း အာဏာသိမ်းခြင်းကို လုံးဝထောက်ခံပြီး လိုအပ်တာမှန်သမျှ ကူညီသွားမယ်လို့ ဆိုပါတယ်။ နိုင်ဂျာပြည်သူထောင်ပေါင်းများစွာဟာ ရုရှားအလံတွေဝှေ့ယမ်းပြီး ကာကွယ်ရေးကောင်စီကိုထောက်ခံကာ ပြင်သစ်သံရုံးကို တိုက်ခိုက်ခဲ့ကြပါတယ်။ ဘူကီနာဖတ်ဆိုမှာ ၂၀၂၂ ခုနှစ် အာဏာသိမ်းတုန်းကလည်း ပြည်သူတွေဟာ ရုရှားအလံတွေဝှေ့ယမ်းပြီး အာဏာသိမ်းခြင်းကို ထောက်ခံခဲ့ကြပါတယ်။ ကာကွယ်ရေးကောင်စီဘက်ကရပ်တည်ကြတဲ့ နိုင်ငံတွေ အဖွဲ့အစည်းတွေဟာ နိုင်ဂျာပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု ဘယ်လိုပုံစံကိုမှ လက်မခံဘဲ ပြန်လည်တိုက်ထုတ်သွားကြမယ်လို့ ဆိုပါတယ်။ မိမိပိုင်နယ်မြေထဲက သယံဇာတတွေကို အမြတ်ထုတ်သိမ်းပိုက်နေတဲ့ အနောက်အုပ်စုနဲ့တခြားစီ အာဖရိကခြောက်နိုင်ငံက တင်ရှိနေတဲ့ပေးရမယ့်အကြွေး အမေရိကန် ဒေါ်လာ ငွေ ၂၃ ဘီလီယံကို ရုရှားနိုင်ငံက လျှော်ပစ်လိုက်တဲ့ အခါမှာတော့ ဘယ်သူကရန်သူ ဘယ်သူကမိတ်ဆွေဆိုတာကို အာဖရိကပြည်သူတွေ ကွဲကွဲပြားပြား သိလိုက်ကြရပါပြီ။

**ဒေသတွင်းပဋိပက္ခအထိ ပြဿနာများဖန်တီးခံရမယ့် အာဖရိက**

အဖြစ်အပျက်တွေရဲ့ နောက်ဆက်တွဲအနေနဲ့ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့တွေ၊ ပြင်သစ်တပ်ဖွဲ့တွေဟာ နိုင်ဂျာနိုင်ငံတွင်းက အလုံးအရင်းနဲ့ ထွက်ခွာနေကြပါပြီ။ သူတို့ကို နိုင်ဂျာပြည်သူတွေနဲ့ တပ်မတော်က လက်မခံကြတော့ဘဲ ပြင်သစ်ပိုင် အဆောက်အဦတွေ၊ ပြင်သစ်အလံတွေကို မီးရှို့ဖျက်ဆီးလိုက်ကြပါတယ်။ နှစ်ဖက်စလုံးမှာ အကျိုးစီးပွားချင်းအပြင်းအထန် ထိပါးပွတ်တိုက်ခံရတယ်လို့ ယူဆကြရင်တော့ နိုင်ဂျာမှာ ပြည်တွင်းစစ်မီးထတောက်နိုင်တဲ့ အခြေအနေမှာရှိပါတယ်။ အိမ်နီးချင်းနိုင်ငံတွေရဲ့အားနဲ့ နိုင်ဂျာပြည်သူတွေ စည်းလုံးညီညွတ်ရင်တော့ ပြင်းထန်တဲ့ပြည်တွင်းပဋိပက္ခများကနေ ကျော်လွှားလွန်မြောက်နိုင်မှာပါ။ သို့ပေမဲ့ အမေရိကန်နဲ့ အနောက်အုပ်စုပြင်သစ်တို့ကတော့ ဒီအတိုင်းလက်ပိုက်ကြည့်မယ် မထင်ပါဘူး။ မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသလို ရွှေနဲ့ယူရေနီယံကို ခွထိုင်ထားတဲ့ နိုင်ဂျာမှာ ပြည်တွင်းအုပ်စုတွေကို မြှောက်ပင့်သွေးထိုးပြီး နိုင်ငံမတည်မငြိမ်ဖြစ်အောင် လုပ်မှာသေချာပါတယ်။ အိမ်ကြက်ချင်းအိုးမဲသုတ် ဒီလိုလုပ်ကွက်မျိုးဟာ အမေရိကန်နဲ့ ပြင်သစ်တို့ အကျွမ်းကျင်ဆုံး လုပ်ရပ်တွေပါပဲ။ အမေရိကန်နဲ့ ပြင်သစ်ဘာလုပ်နိုင်မလဲ၊ သူတို့လုပ်နိုင်တာက ECOWAS ကို တစ်ဆင့်ခံ ကြိုးကိုင်၊ နိုင်ဂျာပြည်တွင်းထဲဝင်တိုက်ခိုင်း၊ အာဖရိကသားအချင်းချင်း စစ်ကိုဖန်တီး ဒီလိုလုပ်နိုင်စရာတော့ ရှိပါတယ်။ မြန်မာနိုင်ငံပြည်တွင်းရေးကို ဆိုးသထက်ဆိုးအောင် အာဆီယံကို ကြိုးကိုင်ခြယ်လှယ် ပြဿနာဖန်တီးလိုက်တဲ့ ပုံစံတူပါပဲ။ တစ်နိုင်ငံချင်း ပြည်တွင်းပဋိပက္ခကနေ ဒေသတွင်း ပဋိပက္ခကြီးအထိ ဖန်တီးပြီး ကိုယ့်အလိုကျ ကိုယ့်အမျိုးသားအကျိုးစီးပွားဆောင်ရွက်သွားကြမယ့် အခြေအနေကို တွေ့မြင်နေရပါတယ်။

**အာဏာသိမ်းကောင်စီဘက်က ဘာကြောင့်ရပ်တည်နေကြသလဲ**

ဘာကြောင့်များ ပြည်သူတွေဟာ အာဏာသိမ်းကာကွယ်ရေးကောင်စီကို ထောက်ခံခဲ့ကြပါသလဲဆိုရင် လက်ရှိအာဏာရ ဒီမိုကရေစီအစိုးရနဲ့ ဒီမိုကရေစီစနစ်ကို မကြိုက်လို့ဘဲလို့ ယူဆရမှာပါ။ တကယ်လည်း ကမ္ဘာမှာ ယခုလိုထူးခြားပြောင်းလဲလာမှုတွေကို နိုင်ဂျာနိုင်ငံရဲ့ဖြစ်စဉ်နဲ့တကွ နမူနာယူသင်ခန်းစာထုတ် ဆန်းစစ်သင့်ပါတယ်။ ကမ္ဘာ့အရှေ့ဟာဘယ်ကိုဦးတည်နေသလဲ၊ ကမ္ဘာ့ပြည်သူအားလုံး ငြိမ်းချမ်းမှု ဖွံ့ဖြိုးတိုးတက်မှုကို လိုလားနေပြီဆိုတာ ပြသလိုက်သလိုပါပဲ။ လူမှုစီးပွားဘဝကျဆင်း၊ ဆင်းရဲလွန်းတဲ့ အာဖရိကသားတွေရဲ့ ကာလရှည်သည်းခံခဲ့ရမှုတွေဟာ ကုန်ဆုံးသွားပြီလား တွေးမြင်ကြည့်လို့ရပါတယ်။ သူတို့ဟာ သူတို့ကို နှစ်ပေါင်းများစွာ လွှမ်းမိုးခဲ့ကြတဲ့ အနောက်ဥရောပလူဖြူတွေအပေါ် စိတ်မရှည်ကြတော့ပါဘူး။ ဒီမိုကရေစီကို စိတ်ကုန်နေပုံရပါတယ်။ ကောင်းမယ်ထင်လို့ ဒီမိုကရေစီကို သွတ်သွင်းခဲ့ကြတယ်။ ဒါပေမဲ့ သူတို့ရလိုက်တာက အရည်အချင်းမရှိ၊ စွမ်းဆောင်ရည်မဲ့၊ အနောက်အုပ်စုဩဇာခံအစိုးရအောက်မှာ အနေအစားဆင်းရဲခြင်းနဲ့ ဆင်းရဲမွဲတေမှု၊ တရားဥပဒေစိုးမိုးမှုမရှိ နိုင်ငံကမတည်ငြိမ်တဲ့ဘဝမှာ အစ္စလာမ္မစ်အကြမ်းဖက်များရဲ့ ခေတ်အဆက်ဆက်အကြမ်းဖက်ခံရမှု၊ အလွန်အမင်းကြီးထွားလာနေတဲ့ အဂတိလိုက်စားမှုတွေအောက်မှာ ဆုံးရှုံးသွားတာက နိုင်ငံရဲ့အဖိုးတန်သယံဇာတတွေ၊ လူ့အသက်တွေ၊ အမြတ်ထွက်နေတာက နိုင်ငံခြားသားကုပ်သွေးစုပ်သူတွေ။ ပြင်းမယ်ဆို သူတို့ခံစားချက်က အတော်ပြင်းထန်လောက်ပါတယ်။ အစ္စလာမ္မစ်စစ်သွေးကြွရန်က ကာကွယ်ပေးဖို့ တာဝန်ယူထားကြတဲ့ အမေရိကန်နဲ့ ပြင်သစ်တပ်ဖွဲ့တွေကလည်း တကယ်တမ်းမှာ ထိထိရောက်ရောက် မကာကွယ်ပေးနိုင်ဘဲ သူ့အကျိုးစီးပွားသူ ကာကွယ်သလိုသာဖြစ်နေတာတွေ့ရပါတယ်။ ပြည်သူတွေဟာ ဒီမိုကရေစီနဲ့ လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ်ကို အပြည့်အဝမခံစားရဘဲ တစ်နေ့တခြားမြင့်တက်လာတဲ့ လူနေမှုစရိတ်နဲ့ ကုန်ဈေးနှုန်းကြီးမြင့်တဲ့ ဒဏ်ကို အလူးအလဲ ခံစားကြရပါတယ်။ ဒါကြောင့်လည်း ယခုလိုအာဏာသိမ်းမှုမှာ ကာကွယ်ရေးကောင်စီဘက်ကို အပြင်းအထန် ထောက်ခံနေခြင်းဖြစ်တယ်လို့ ယူဆနိုင်ပါတယ်။ နိုင်ဂျာရဲ့အိမ်နီးချင်းနိုင်ငံတွေ အနေနဲ့လည်း သူတို့ရဲ့ရပ်တည်ချက်ကို ကမ္ဘာသိ ထုတ်ဖော်ပြသခဲ့ကြပြီဆိုတော့...။ ဒီမိုကရေစီ အမည်ခံ အနောက်အုပ်စုဟာ ဒီမိုကရေစီအစစ်အမှန်ကို တင်ပို့ရမယ့်အစား အကြမ်းဖက်စနစ်ကိုတင်ပို့၊ အိုက်ဆစ်၊ အယ်လ်ခိုင်ဒါ၊ ဘိုကိုဟာရမ်စတဲ့ အကြမ်းဖက်အင်အားစုတွေကို မွေးထုတ်သလိုဖြစ်၊ ဒေသတွင်း မတည်မငြိမ်ဖြစ်အောင်သာ ဖန်တီးနေတာကို အာဖရိကပြည်သူတွေ သဘောပေါက်သွားကြပါပြီလို့ သုံးသပ်နိုင်ပါတယ်။ နယ်ချဲ့ကိုလိုနီလက်သစ်တွေဟာ အာဖရိကပြည်သူအချင်းချင်းကို သွေးခွဲခဲ့ကြတယ်။ ကမ္ဘာမှာ အကောင်းဆုံးစနစ်နဲ့ ဖွံ့ဖြိုးအတိုးတက်ဆုံးဆိုတဲ့ ပြင်သစ်နဲ့အမေရိကန်တို့ရဲ့ အကူအညီအထောက်အပံ့အများအပြား ရယူထားတဲ့ နိုင်ဂျာလို အာဖရိကနိုင်ငံတွေဟာ ဘာကြောင့်များ စီးပွားရေးကျဆင်းပြီး လုံခြုံမှုမရှိဆုံးဖြစ်နေရသလဲ။ ဒါကိုပဲ ထပ်ခါထပ်ခါ မေးရမလို ဖြစ်နေပါတယ်။

**အာဖရိကစစ်ဘက်အာဏာသိမ်းမှုများအား ပြန်ကြည့်လျှင်**

ပြန်ကြည့်တဲ့အခါ နိုင်ဂျာမှာက ၁၉၆၀ ပြည့်နှစ် ပြင်သစ်လက်အောက်က လွတ်မြောက်ပြီးနောက်ပိုင်း လေးကြိမ်တိတိ စစ်ဘက်ကအာဏာသိမ်းယူတဲ့ အစဉ်အလာရှိပြီးဖြစ်တယ်။ ၂၀၁၀ ပြည့်နှစ်ကတော့ နောက်ဆုံးအကြိမ်ပါ။

ပြောရမယ်ဆိုရင် အာဖရိကနိုင်ငံတွေမှာ စစ်ဘက်အာဏာသိမ်းမှုများဟာ အဆန်းတကျယ် မဟုတ်တော့ပါဘူး။ ၂၀၂၁ ခုနှစ် တစ်နှစ်ထဲ အိမ်နီးချင်းဂါနာ၊ မာလီနဲ့ ဆူဒန်နိုင်ငံတွေမှာနဲ့ ၂၀၂၂ ခုနှစ် ဘူကီနာဖတ်ဆိုမှာ နှစ်ကြိမ်အာဏာသိမ်းဖြစ်စဉ်တွေ ခပ်စိပ်စိပ်လေး ဖြစ်ခဲ့ကြဖူးတယ်။ အာဖရိကတိုက်ကြီးတစ်ခုလုံးခြုံကြည့်ရင်တော့ ၁၉၅၀ ပြည့်နှစ်ကနေ ၂၀၂၂ ခုနှစ်အထိ စစ်ဘက်အာဏာသိမ်းမှု အကြိမ် ပေါင်း ၂၁၄ ကြိမ်မှာ ၁၀၆ ကြိမ် အောင်မြင်ခဲ့ပြီး အောင်မြင်မှု ရာခိုင်နှုန်း ၅၀ % ရှိခဲ့ပါတယ်။

စာမျက်နှာ ၇ သို့ *

ကျန်းမာရေးဝန်ကြီးဌာန

**"အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ"**

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| **ပထမပတ်** | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| **ဒုတိယပတ်** | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| **တတိယပတ်** | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| **စတုတ္ထပတ်** | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၅၅ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၅-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၅၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (သုည ဒသမ ၁၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၄၉,၆၈၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၈၈) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၈၇၈)ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ရှေးဦးပြုစုခြင်း(အခြေခံအဆင့်)သင်တန်း ဖွင့်ပွဲ ကျင်းပ



**ထားဝယ် ဩဂုတ် ၅**

ထားဝယ် ပညာရေးဒီဂရီကောလိပ်နှင့် တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်း (အခြေခံအဆင့်) သင်တန်း (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ ထားဝယ်ပညာရေးဒီဂရီကောလိပ် တိက္ခပညာခန်းမ၌ ကျင်းပသည်။

**ပြန်လည်သင်ကြားပေး**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ရှေးဦးပြုစုခြင်းကို အသင်း၏ အဓိကကျောရိုး မဏ္ဍိုင်အဖြစ် သတ်မှတ်ပြီး လူတိုင်းရှေးဦးပြုစုခြင်းပညာ တတ်မြောက်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ရှေးဦးပြုစုနည်းသင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အသုံးချတတ်ရန်လိုအပ်ပြီး လူငယ်လူရွယ်များကိုလည်း ရှေးဦးပြုစုခြင်းအသိပညာဘာသာရပ်များကို တတ်မြောက်အောင် ပြန်လည်သင်ကြားပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် တာဝန်ရှိသူများက ထားဝယ်ပညာရေးဒီဂရီကောလိပ်မှ သင်တန်းသားသင်တန်းသူ ၆၀ အား လေးရက်စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ခရိုင် GEC နှင့် ရွှေသက်တံ့ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**ရမည်းသင်း ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ခရိုင် GEC နှင့် ရွှေသက်တံ့ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်တို့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီခွဲက ရမည်းသင်းမြို့နယ် မြို့နယ်သမဝါယမအသင်းစု သက်တံ့ရောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် ခရိုင် GEC နှင့် ရွှေသက်တံ့ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌက သဘာပတိအဖြစ်ဆောင်ရွက်ကာ အဖွင့်အမှာစကားပြောကြားပြီး ဒါရိုက်တာအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများနှင့် အမြတ်ခွဲဝေမှုစာရင်းများကို ဖတ်ကြားတင်သွင်းခြင်းနှင့် သမဝါယမအသင်းစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုခဲ့ကြောင်းသိသည်။

ထို့နောက် တက်ရောက်လာသည့် အသင်းသားများက အကြံပြုမေးမြန်းရာ ပြန်လည်ရှင်းလင်းဖြေကြားပြီး အသင်းသားများအား အစုပေါ်အမြတ် ငွေကျပ် ၆၄၅၀၀၀ နှင့် စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၁၀၂၄၈၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**✻ စာမျက်နှာ ၆ မှ**

အာဏာသိမ်းအောင်မြင်မှုရာနှုန်းဟာ နောက်ပိုင်းမှာ များလာပြီး ၂၀၂၂ ခုနှစ် တစ်နှစ်တည်း ရှစ်ကြိမ်မှာ အောင်မြင်မှု ၇၅ % အထိရှိခဲ့တယ်လို့ တွေ့ရှိရပါတယ်။ ဒီအချက်က ဘာကိုပြသလဲဆိုရင်သက်ဆိုင်ရာ ဒေသတွင်းမှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေး မတည်မငြိမ်ဖြစ်မှုများကြောင့် မကြာခဏ အာဏာသိမ်းခြင်းများဖြစ်ရသလို မတည်ငြိမ်မှု မြစ်ဖျားခံရာ အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့မျိုးစုံဟာ ဒေသတွင်းမှာ ခြေကုပ်ယူထားနိုင်တဲ့ အချက်တွေလည်းပါဝင်နေတာ တွေ့ရပါတယ်။ တစ်ဆက်တည်း အရပ်သားနိုင်ငံရေးအစိုးရတွေနဲ့ စစ်သွေးကြွတွေကို နှိမ်နင်းရတဲ့ တပ်မတော်များအကြား အမြင်မတူမှုတွေရှိလာပြီး နောက်ဆက်တွဲနိုင်ငံရေး၊ လုံခြုံရေးပဋိပက္ခတွေ ပေါ်ပေါက်လာခြင်းဟာလည်း အကြောင်းရင်းတွေအဖြစ် ရပ်တည်နေပါတယ်။

**နှိုင်းယှဉ်သုံးသပ်စေလို**

အခြေအနေကတော့ ပြင်သစ်နဲ့အနောက်အုပ်စုတွေဟာ အာဖရိကနယ်မြေကနေ ထွက်ခွာရတော့မယ့် အခြေအနေဆီ ဦးတည်နေပါပြီ။ ဒါပေမဲ့ နိုင်ဂျာအနာဂတ်အခြေအနေက လောလောဆယ် ခန့်မှန်းရခက်ဆဲ အခြေအနေမှာပဲ ရှိပါသေးတယ်။ အမေရိကန်နဲ့အနောက်အုပ်စုရဲ့ အာဖရိကအိပ်မက်ကတော့ အဆုံးသတ်ဖို့ သေချာသလောက်ရှိနေပြီဖြစ်သလို နိုင်ဂျာဟာ အနောက်အုပ်စုနဲ့ ရုရှား၊ တရုတ်နိုင်ငံတို့ရဲ့ ပထဝီနိုင်ငံရေးကစားကွင်းသစ်တစ်ခုအဖြစ်လည်း ဖြစ်မှန်းမသိဖြစ်လာနေပါပြီ။ အပြောင်းအလဲဆန်တဲ့ အခြေအနေသစ်တွေဟာ ကမ္ဘာအနှံ့မှာ မြန်ဆန်လွန်းနေတာ မျက်ခြည်မပြတ်လေ့လာနေဖို့ လိုအပ်သလို ကျွန်တော်တို့ဆီက အနောက်မျှော် အတွေးအခေါ်သမားတွေအနေနဲ့လည်း ဒီအချက်ကို သတိထားဆင်ခြင်ကြဖို့ လိုအပ်မယ်လို့ယူဆပါတယ်။ အာဖရိကပြည်သူတွေသဘောပေါက်သလို ကျွန်တော်တို့အာရှသားတွေလည်း သဘောပေါက်သင့်ပါပြီ။ အရေးကြုံရင် အခက်အခဲကို ဖြေရှင်းပေးတတ်တဲ့ မိတ်ဆွေအစစ်အမှန်ဟာ ဘယ်သူလဲ။ အဖြူ၊ အမည်းသဲကွဲသွားပြီဖြစ်တဲ့ အာဖရိကသင်ခန်းစာကိုယူပြီး ကျွန်တော်တို့ပြည်သူတွေ တကယ့်အခြေအနေမှန်ကိုနားလည်သင့်ပါပြီ။ နိုင်ဂျာဒီမိုကရေစီရှင်သန်ဖို့နဲ့ စစ်သွေးကြွဂျီဟာဒ်တွေကို နှိမ်နင်းဖို့ အမေရိကန်နဲ့ ပြင်သစ်တပ်ဖွဲ့တွေ ခြေကုပ်ယူထားပေမယ့် နောက်ဆုံးရလဒ်ကတော့ ဘယ်လိုဖြစ်နေသလဲ၊ မြင်တဲ့အတိုင်းပါပဲ။ နိုင်ငံကို တည်ငြိမ်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် လုပ်မပေးနိုင်ခဲ့တဲ့ ပြင်သစ်၊ အမေရိကန်စတဲ့ ကိုလိုနီနယ်ချဲ့တွေရဲ့ လွှမ်းမိုးမှုကို အာဖရိကန်တွေက မလိုလားတော့ဘူးဆိုတာလည်း ထင်ရှားလာပါတယ်။ နိုင်ငံခြားတပ်ဖွဲ့တွေကို အထင်ကြီးအားကိုး ကိုယ့်ဆီအလည်ဖိတ်ခေါ်ချင်သူတွေအတွက် သင်ခန်းစာယူ သတိပြုမိနိုင်အောင်ဖြစ်ပါတယ်။ အာဆီယံနဲ့ မိမိတို့မြန်မာနိုင်ငံအခြေအနေများနဲ့ အလားတူ ECOWAS ကို ကြိုးကိုင်ပြီး နိုင်ဂျာပြည်တွင်းရေးကို ဝင်နှောက်လာမယ့် အနောက်အုပ်စုရဲ့ အနေအထားတွေကို ကြိုတင်မြင်ပြီး နှိုင်းယှဉ်သုံးသပ်နိုင်ပါတယ်။

နိုင်ဂျာဖြစ်စဉ်ကိုကြည့်ရင် နောက်ပြန်လျှောဆင်းနေတဲ့ ဒီမိုကရေစီဟာ ပြည်သူတွေအတွက် အလုံးစုံမျှော်လင့်ချက်တစ်ခု ဖြစ်တယ်ဆိုတဲ့အချက်ကို သံသယဝင်မိပါတယ်။ သယံဇာတအရင်းအမြစ်ပေါကြွယ်ဝပေမယ့် စွမ်းဆောင်ရည်မပြည့်ဝတဲ့ အစိုးရတစ်ရပ်ဟာ ဘယ်လိုချမ်းသာကြွယ်ဝမှုမျိုးမှ ပေးနိုင်မှာမဟုတ်ဘူးဆိုတာ တွေ့ရပါတယ်။ နိုင်ငံခြားစစ်တပ်တွေ အခြေပြုခွင့်ပေးထားပြီး နိုင်ငံခြားဩဇာခံတစ်ဦးအုပ်ချုပ်တဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ပြည်တွင်းမှာ စည်းလုံးညီညွတ်မှုမရှိ၊ တရားဥပဒေစိုးမိုးမှုမရှိ၊ ငြိမ်းချမ်းမှုမရှိ၊ တည်ငြိမ်မှုမရှိစတဲ့ အခြေအနေများသာ ကြုံရတတ်ကြောင်း မြင်တွေ့နိုင်ပါတယ်။ နောက်ဆုံးမှာ နိုင်ငံအချုပ်အခြာအမိမြေလုံခြုံရေးနဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်များဟာ တပ်မတော်အပေါ်မှာပဲ ကျရောက်လာတဲ့အခြေအနေမျိုးတွေကို ဆင်ခြင်နေရမှာ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေရဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေဟာ မိမိပြည်တွင်းရေးနဲ့တကွ ဒေသတွင်းကိုပါ ဂယက်ရိုက်ခတ်လာနိုင်တာနဲ့အတူ မိမိနိုင်ငံအရေးရောပြောင်းလဲလာမယ့် ပထဝီနိုင်ငံရေးအခြေအနေများကိုပါ ကြိုတင်တွက်ဆ မြော်တွေးနိုင်စွမ်းရှိဖို့လိုတယ်ဆိုတဲ့ အချက်များကို စဉ်းစားမိရင်းက... ယခုလို နိုင်ဂျာနိုင်ငံရဲ့ဖြစ်စဉ်နဲ့ သင်ခန်းစာယူ လောက်စရာများကို ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါတယ်။ ။

## မြစ်ကြီးနားမြို့နယ်အတွင်းရှိ နောင်စပ်အင်းနှင့် တာလောကြီးအင်းအတွင်း ငါးမျိုးစိုက်ထည့်

မြစ်ကြီးနား ဩဂုတ် ၅

ကချင်ပြည်နယ်အတွင်း ငါးစားသုံးမှုဖူလုံစေရေးနှင့် ငါးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် မြစ်ကြီးနားမြို့နယ်အတွင်း နောင်စပ်အင်းနှင့် တာလောကြီးအင်းအတွင်း ငါးမျိုးစိုက်ထည့်မွေးမြူရန် ငါးသားပေါက်နှင့် ငါးအစာအိတ်များပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး နောင်စပ်အင်းအတွက် လိုအပ်သော ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ နှစ်သိန်းနှင့်၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ငါးသောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းနှင့် ရေပေါ်အစာတောင့် အစာအိတ် ၁၀ အိတ်စီဖြင့် စုစုပေါင်း အစာအိတ် ၂၀ တို့ကို ရေလုပ်သားတောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်အတွင်းရှိ နောင်စပ်အင်းသို့ သွားရောက်ပြီး နောင်စပ်အင်းအတွင်း ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ တစ်သိန်းနှင့် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ငါးသောင်းတို့ကို တောင်သူများနှင့်အတူ စုပေါင်းစိုက်ထည့်ပေးကြကာ နောင်စပ်အင်းအား မြစ်ကြီးနားမြို့တွင် စိမ်းလန်းစိုပြည်၍ အများပြည်သူအပန်းဖြေအနားယူနိုင်သည့် ရေကန်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အင်းဧရိယာကို မြေပြင်အခြေအနေ စနစ်တကျ တိုင်းတာစစ်ဆေးဆောင်ရွက်ရေး၊ အင်းပတ်လည်တွင် လျှောက်လမ်းနှင့် အလှပန်းပင်များဖြင့် သာယာလှပလာစေရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရေးဆွဲဆောင်ရွက်ရေး ဌာနဆိုင်ရာများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြပြီး အင်းပတ်လည်ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကက်သလစ်အသင်းတော် လူငယ်ပြုစုပျိုးထောင်ရေးဂေဟာအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ်သိန်း ၅၀၀ မတည်မှုဖြင့် နို့စားနွား ၁၇ ကောင် မွေးမြူထားရှိမှုအခြေအနေများ၊ နေပီယာမြက်စိုက်ပျိုး၍ နွားစာကျွေးမွေးနေမှုအခြေအနေများနှင့် နွားနို့ထုတ်လုပ်နိုင်မှု အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကြကာ လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က တီရှပ်အင်္ကျီ အထောက်အကူပြုဆေးဝါးများနှင့် အစာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

## ဘီးလင်းမြို့နယ်၌ တောင်ကျရေစီးဆင်းမှုကြောင့် ရန်ကုန် -မော်လမြိုင် ကားလမ်းရေကျော်



ဘီးလင်း ဩဂုတ် ၅

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ တောင်ကျရေစီးဆင်းမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန် - မော်လမြိုင်သွား ကားလမ်း မိုင်တိုင်အမှတ် (၁၂၆/၄) နှင့် (၁၂၆/၅)ကြား သကြားစက်လမ်းဆုံမှ စက်မှုသုံး အရက်ပြန်စက်ရုံရှေ့ လမ်းမကြီးပေါ်တွင် ရေအကျယ်ပေ ၈၀၀ အနက် ၁၂ လက်မခန့်နှင့် ဒေါက်ရပ်ကျေးရွာ ရန်ကုန် - မော်လမြိုင် ကားလမ်း မိုင်တိုင် အမှတ် (၁၂၇/၇)နှင့် (၁၂၈/၀) အကြား ကားလမ်းမ ပေါ်သို့ ရေအကျယ်ပေ ၅၀၀၊ အနက် ၁၃ လက်မခန့်နှင့် မိုင်တိုင် အမှတ် (၁၂၉/၂)ရှိ မစောတတ်တား အနီးတွင် ရေအကျယ် ပေ ၂၀၀၊ ရေအနက် တစ်ပေခွဲခန့် ကားလမ်း ရေကျော်မှုဖြစ်ပွားခဲ့သည့် အတွက် လမ်းဦးစီးဌာနမှ လမ်းပြအမှတ်အသားများ စိုက်ထူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကားလမ်းရေကျော်မှုကြောင့် ယာဉ်ကြီးများသာ ဖြတ်သန်းသွားလာခွင့်ပြုပြီး ယာဉ်ငယ်များ ဖြတ်သန်းသွားလာရန် အန္တရာယ်ရှိသောကြောင့် ယာဉ်ငယ်ဖြတ်သန်းသွားလာခွင့် ယာယီပိတ်ထားကြောင်း သိရသည်။ မော်တော်ယာဉ်ကြီးများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်၊ အဖွဲ့ဝင် (၁)ဗိုလ်မှူးနိုင်အောင်ထွန်းတို့၏ ကြီးကြပ်မှုဖြင့် တပ်နယ်မှ ဗိုလ်ကြီးမျိုးသီဟထွန်း၊ ဦးစီးတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းတင် ၊ယာဉ်ထိန်းတပ်စု (၇၈)၊ တပ်ဖွဲ့စိတ် (ဘီးလင်း)မှ ဒုရဲအုပ်နိုင်ငြိမ်းတို့ပူးပေါင်းအဖွဲ့က နေရာများပိုင်းခြားသတ်မှတ်၍ ယာဉ်လမ်းရှင်းလင်းရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေဖြတ်ကျော်စီးဆင်းမှုအခြေအနေပေါ်မူတည်၍ ယာဉ်ငယ်များအား ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## လှိုင်းဘွဲ့မြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ရေဝင်ရောက်မှုများဖြစ်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

လှိုင်းဘွဲ့ ဩဂုတ် ၅

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းပြီး ကြာအင်းချောင်းမှ တစ်ဆင့် တောင်ကျချောင်းများ စီးဆင်းလာမှုနှင့်လှိုင်းဘွဲ့ချောင်းရေမြင့်တက်လာမှု တို့ကြောင့် လှိုင်းဘွဲ့မြို့ပေါ် မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာတချို့တွင် ရေဝင်ရောက်မှုများဖြစ်ခဲ့ပြီး ရေဘေးလွတ်ရာသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်းနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စစ်ဗျူဟာ(အခြေချ)လှိုင်းဘွဲ့မှ တပ်ရင်း၊ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအသင်းနှင့် တာဝန်ရှိသူများက မြေနိမ့်ပိုင်းရပ်ကွက်များတွင် ရေဝင်ရောက်သော နေအိမ်များအား လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ၊ ဆိုင်ကလုန်းစင်တာ နေရာများတွင် ယာယီပြောင်းရွှေ့ပေးခဲ့ပြီး လှိုင်းဘွဲ့မြို့နယ်အတွင်း ရွှေဂွန်း၊ ကော့မြတ်ကြီး၊ ဆင်ကူးကမ်းနား၊ ထန်တော၊ ဒေါ်လန်း၊ ကဖိုင်း၊ အပျိုကုန်း စသည့် ကျေးရွာတချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လင်းသန့် (ပြန်/ဆက်)

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၅

### သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

### သောင်ရင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

### ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

### နန့်ယင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ နန့်ယင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် မိုးကောင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ


ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ခွန်အားဖြစ်စေသော စိတ်ထားမှသည် စိတ်ဓာတ်ခွန်အားမြင့်သူအဖြစ်သို့ .....

– – – – တင်ဇော (IR) – – – –

ပြီးခဲ့တဲ့ ဇူလိုင်လလယ်က ဝန်ထမ်းတွေ စိတ်ခွန်အားမြှင့်တင်ဖို့အတွက် ရည်ရွယ်ပြီး ဌာနတစ်ခုမှာကျင်းပတဲ့ ဟောပြောပွဲတစ်ခုကို အခွင့်အလမ်းတစ်ခုအနေနဲ့ စိတ်ဝင်တစား ကျွန်မ တက်ရောက်နားထောင်ခွင့်ရခဲ့ပါတယ်။ ဒီဟောပြောပွဲမှာ ဟောပြောဖို့ ဖိတ်ကြားခံရတဲ့ ဆရာဒေါက်တာမြတ်မိုးရဲ့ ဆောင်းပါးအတော်များများကိုတော့ ကျွန်မတို့ ဖတ်ဖူးပြီးသားဖြစ်ပါတယ်။

ဆရာ့ရဲ့ နိုင်ငံတကာရေးရာနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှု စသဖြင့် ကဏ္ဍပေါင်းစုံ လွှမ်းခြုံတဲ့ အရေးအသားတွေကို လေ့လာမှတ်သားဖူးပါတယ်။ ဒါပေမဲ့ ကျွန်မတက်ရောက်ခဲ့တဲ့ ဆရာ့ရဲ့ဟောပြောပွဲမှာတော့ ဝန်ထမ်းတွေ စိတ်ခွန်အားမြင့်စေဖို့အတွက် ဘာသာရေးရှုထောင့်ကနေ ဗုဒ္ဓရဲ့တရားတော်တွေနဲ့အညီ ချဉ်းကပ်ပြီး နည်းပေးလမ်းပြဟောပြောဆွေးနွေးသွားခဲ့တာ တွေ့ရပါတယ်။ တစ်နည်းအားဖြင့်တော့ ဘဝနေနည်း၊ ထိုင်နည်းတွေပါပဲ။ သင်ခန်းစာလည်းရ၊ တရားသဘောလည်း တီးမိခေါက်မိရှိသွားတဲ့အတွက် အလွန်ကို အဖိုးတန်ခဲ့ပါတယ်။ ဆရာ့ရဲ့ ဟောပြောချက်တွေအရ ကျွန်မတို့လို အသက်အရွယ်နဲ့ ဘယ်လိုလူငယ်မျိုးကမဆို ခံယူလိုက်နာကျင့်သုံးသင့်တဲ့ နေနည်းထိုင်နည်း၊ စိတ်ထားနည်းတွေချည်းသာဖြစ်တယ်လို့ ကျွန်မအနေနဲ့ ခံယူမိပါတယ်။

**ဖိစီးမှုရဲ့အရင်းခံအကြောင်းတရားတွေက**

အားလုံးသိကြတဲ့အတိုင်း လတ်တလောပြည်တွင်းပြည်ပအခြေအနေတွေဟာ ကျွန်မတို့ရဲ့ နေ့စဉ်လူနေမှုဘဝအပေါ် အနည်းနဲ့အများ သက်ရောက်မှုတွေရှိနေတာကို ခံစားသိရှိကြမယ်လို့ ထင်ပါတယ်။ အဓိကအကြောင်းတရား (Root Causes)ကိုရှာလိုက်တော့ (၁) ကိုဗစ်ကပ်ရောဂါနဲ့ နောက်ဆက်တွဲသက်ရောက်မှုတွေ၊ (၂) ယူကရိန်းပဋိပက္ခနဲ့ နောက်ဆက်တွဲ လူမှုစီးပွားပြဿနာတွေ၊ (၃) ပြည်တွင်းနိုင်ငံရေး အပြောင်းအလဲတွေရဲ့ နေ့စဉ်လူနေမှုဘဝအပေါ် ရိုက်ခတ်မှုတွေပဲဖြစ်ပါတယ်။ ဒါတွေက အဓိကအကြောင်းရင်းခံတွေဖြစ်ပြီး အခြားမမျှော်လင့်ဘဲ ရုတ်တရက် ဖြစ်လာနိုင်တဲ့ အကြောင်းတရားတွေ (Immediate Causes) ကလည်း ကျွန်မတို့အပေါ် အချိန်မရွေး ရိုက်ခတ်လာတာမျိုးတွေ ရှိနိုင်ပါသေးတယ်။

ဒီအကြောင်းတရားတွေကြောင့်ပဲ ယခုလိုကာလမှာ ကျွန်မတို့အနေနဲ့ စိတ်ပိုင်းအရကော ရုပ်ပိုင်းမှာပါ ဖိစီးမှုသောက တချို့တစ်ဝက်ကို ခံစားနေရခြင်းဖြစ်ပါတယ်။ အချို့ပျော်ရွှင်မှုတွေ ပျောက်ဆုံးနေတယ်။ လုပ်ငန်းခွင်မှာဖြစ်စေ၊ မိသားစုအသိုင်းအဝိုင်းမှာဖြစ်စေ အဆင်မပြေမှုတချို့ ကြုံရတာရှိတယ်။ တစ်ခါတလေ ကိုယ့်ကို ဘယ်သူမှ နားလည်မှုမပေးနိုင်ဘူးလို့ ခံစားမိတာမျိုးလည်း ရှိတယ်။ ဒါကြောင့် တစ်ခါတစ်ခါ စိတ်ဓာတ်ကျသလိုလို၊ အားငယ်သလိုလိုဖြစ်မိတယ်။ စိတ်ထောင်းကိုယ်ကြေဆိုတဲ့အတိုင်း စိတ်ဖိစီးမှုကြောင့် ရုပ်ပိုင်းဆိုင်ရာကိုပါ ထိခိုက်လာပြီး နေမကောင်းတာတွေ၊ ရောဂါဘယဖြစ်ပွားတာတွေလည်း ရှိလာပါလေရော။ ဒီလိုစိတ်ရောကိုယ်ရော ထိခိုက်လာတာတွေကြောင့် တချို့များ တစ်ယောက်တည်း မွန်းကျပ်ပြီး မျှော်လင့်ချက်မဲ့သလိုလို၊ အနာဂတ်ပျောက်နေသလိုလို ခံစားမိကြတယ်လို့ဆိုပါတယ်။ ဒါတွေကို

> ❛ ဗြဟ္မစိုရ်တရားတွေကို ကြိုးကြိုးစားစား လေ့ကျင့်အားထုတ်ရင်းနဲ့ တစ်ပြိုင်နက် သတိဆိုတဲ့တရား တစ်ခုကိုမွေးမြူဖို့လည်း ကြိုးစားရပါမယ်။ သတိတရားက အမှားနဲ့ အမှန်ကြား၊ ကုသိုလ်နဲ့အကုသိုလ်ကြား တံခါးရွက်တစ်ခုပမာ အလွှာပါးပါးလေးခြားထားတဲ့အရာပါပဲ။ ဒါ့အပြင် ဘယ်အရာမျှမမြဲ၊ ဘယ်အရာမျှ အစိုးမရတဲ့ ဖြစ်ပျက်သဘောတရားတွေကို ဆင်ခြင်နိုင်ဖို့ ဆရာက လမ်းကြောင်းပေးသွားခဲ့ပါတယ်။ ဒီတရားတွေကိုသာ ကြိုးကြိုးစားစားလေ့ကျင့်ပြီး လက်တွေ့နယ်ပယ်မှာပါ အသုံးချသွားမယ်ဆိုရင် မိမိရဲ့ စိတ်နေသဘောထား၊ ခံယူချက်တွေဟာ တဖြည်းဖြည်းပြောင်းလဲလာမယ်လို့ဆိုပါတယ် ❜

လူငယ်အများစုမှာ အဓိကခံစားနေရတယ်ဆိုပေမယ့် လူကြီးတချို့မှာလည်း သူတို့အသက်အရွယ်၊ သူတို့ရာထူးအလျောက် ဘဝရဲ့အခက်အခဲ ဖိစီးမှုအချို့ကို ကြုံရတတ်တာပါပဲ။ လုပ်ငန်းခွင်မှာဆိုရင်လည်း လက်အောက်ငယ်သားတွေရဲ့ ပြဿနာတွေကို မကြာခဏဖြေရှင်းနေရတာမျိုးတွေရှိလာပြီး ကိစ္စတစ်ခုအပေါ် ဘယ်လိုအဆုံးအဖြတ်ပေးရမှန်းမသိ၊ ချက်ချင်းမဖြေရှင်းပေးနိုင်တာမျိုးတွေအထိ ကြုံရတတ်ပါတယ်။

**အဆိုးသက်ရောက်မှုတွေကို မျှော်လင့်ထားရန်လို**

ဒီလိုဖိစီးမှုတွေကို မဖြေရှင်းနိုင်ဘဲ ဆက်သွားနေမယ်ဆိုရင် ရေရှည်မှာ မိမိနဲ့မိမိပတ်ဝန်းကျင်အပေါ်မှာပါ ဆိုးကျိုးအနည်းနဲ့အများ သက်ရောက်မှုတွေရှိလာနိုင်ပါတယ်။ ဘယ်လိုသက်ရောက်ပါသလဲ။ ကိုယ်ချင်းစာတရားနည်းလာပြီး အကောင်းမမြင်အတ္တတွေ ကြီးလာကြမယ်။ မာန်တွေတက်မောက်မာလာကြမယ်။ လုပ်ဖော်ကိုင်ဖက်အချင်းချင်းကြားမှာ၊ မိသားစုဝင်တွေကြားမှာ လေးစားမှု၊ ရိုသေမှုတွေ တဖြည်းဖြည်းလျော့ပါးလာကြမယ်။ ဒီလိုနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားရကောင်းမှန်းမသိ၊ သူတစ်ပါးအပေါ်လည်း တန်ဖိုးမထားတတ်ဘဲ အများအကျိုးကို ဦးဆောင်ဦးရွက်ပြုတတ်တဲ့ ပရဟိတစိတ်ကလေးတွေ နည်းလာပြီး တစ်ကိုယ်ကောင်းဆန်တတ်လာကြမယ်။ ဒီလို ကိုယ့်အကျိုးကိုယ်ရှေ့တန်းတင်လာတော့ အမြင်တွေကို ဘက်ပေါင်းစုံဖြန့်ကြက်ခြင်းမရှိနိုင်တော့ဘဲ အမြင်ကျဉ်းမြောင်းလာမယ်။ ကိုယ်ကျိုးရှာအတ္တသမားတွေများလာတာနဲ့အမျှ စည်းလုံးညီညွတ်ခြင်းသဘောတွေ ပျက်ပြားလာတတ်တယ်။ အထက်နဲ့အောက် တာဝန်ယူ၊ တာဝန်ခံမှုတွေ နည်းလာနိုင်သလို တာဝန်သိစိတ်ဆိုတာလည်း လျော့နည်းလာနိုင်ပါတယ်။ တာဝန်သိစိတ်မရှိတဲ့သူတွေများလာတော့ လူ့အဖွဲ့အစည်းကြီးက တဖြည်းဖြည်းယိုယွင်းလာမယ်။

အချင်းချင်းကြား ပူးပေါင်းညှိနှိုင်းပြီး ပြဿနာတွေကို မဖြေရှင်းတတ်ကြတော့ဘဲ ဘယ်လိုဖြေရှင်းရမလဲ ဖြေရှင်းနိုင်စွမ်းအားနည်းလာတတ်တယ်။ ငါမှန်တယ်ဆိုတဲ့အစွဲနဲ့ အမုန်းတရားတွေပွားလာကြမယ်။ အကျိုးဆက်ပြဿနာက မပြေလည်တော့ဘဲ ပဋိပက္ခအသွင်ပြောင်းသွားမယ်။ အစွဲနဲ့အမုန်းက အဂတိမှုများအောင် တွန်းပို့မယ်။ ကိုယ်က ခေါင်းဆောင်ဖြစ်နေရင် ကိုယ့်ရဲ့ခေါင်းဆောင်မှုအခန်းကဏ္ဍမှာပါ ထိခိုက်လာမယ်။ ဒါကြောင့်မို့ ဖိစီးမှုများခြင်းဟာ ပတ်ဝန်းကျင်ကို အကျည်းတန်စေပြီး ဣဋ္ဌာရုံထက် အနိဋ္ဌာရုံကို ပိုများစေပြီး အဆုံး

မှာတော့ လူအချင်းချင်းကြား လောဘ၊ ဒေါသ၊ မောဟအရင်းခံ ဗြဟ္မစိုရ်တရားတွေ နည်းပါးလာကြပါတော့တယ်။

**ဓမ္မကိုအခြေခံ၍**

ဒီလို မိမိအတွက်ရော ပတ်ဝန်းကျင်အတွက်ပါ မကောင်းတဲ့ဖိစီးမှုရဲ့ ဆိုးကျိုးသက်ရောက်မှုတွေကို လျော့ပါးအောင် ထိန်းချုပ်ဖို့ဆိုရင် မြတ်ဗုဒ္ဓရဲ့ ဓမ္မတရားကိုပဲ အခြေခံအုတ်မြစ်ချ လေ့ကျင့်နာယူသင့်တယ်လို့ ဆရာဒေါက်တာမြတ်မိုးက ဆွေးနွေးသွားပါတယ်။ ဒီနေရာမှာ ကနဦးက ဆိုခဲ့သလို နည်းပါးလာတဲ့ဗြဟ္မစိုရ်တရားကို မိမိသန္တာန်မှာ ထွန်းကားအောင် ဦးစွာကျင့်ကြံအားထုတ်ရန် လိုအပ်တယ်ဆိုတာ မှတ်သားလိုက်မိပါတယ်။

ဗြဟ္မစိုရ်တရားလေးပါးမှာ ဦးဆုံး မေတ္တာကို မွေးမြူခြင်းဖြင့် ဒေါသကိုပယ်ပြီးသားဖြစ်ပါတယ်။ ကရုဏာတရားကလောဘနဲ့ ဒုက္ခဆင်းရဲနှစ်မျိုးစလုံးကို ပယ်သတ်ပြီးဖြစ်ပါမယ်။ ဒီလိုပဲ မုဒိတာတရားက မနာလိုမှုတွေကို ပယ်ပြီးဖြစ်တယ်။ ဥပေက္ခာတရားကတော့ နည်းနည်းခက်ခဲမယ်ထင်တယ်။ လောဘ၊ ဒေါသနဲ့ ဝန်တိုမှုမစ္ဆရိယကို ပယ်သတ်ပြီး ဒုက္ခနဲ့ သုခအကြား ညီညီမျှမျှထားနိုင်မှသာ ဥပေက္ခာတရားကို ရရှိမှာဖြစ်တယ်လို့ဆိုပါတယ်။ ဒီဗြဟ္မစိုရ်တရားတွေကို ကြိုးကြိုးစားစား လေ့ကျင့်အားထုတ်ရင်းနဲ့ တစ်ပြိုင်နက် သတိဆိုတဲ့တရားတစ်ခုကို မွေးမြူဖို့လည်း ကြိုးစားရပါမယ်။ သတိတရားက အမှားနဲ့ အမှန်ကြား၊ ကုသိုလ်နဲ့အကုသိုလ်ကြား တံခါးရွက်တစ်ခုပမာ အလွှာပါးပါးလေးခြားထားတဲ့အရာပါပဲ။ ဒါ့အပြင် ဘယ်အရာမျှမမြဲ၊ ဘယ်အရာမျှ အစိုးမရတဲ့ ဖြစ်ပျက်သဘောတရားတွေကို ဆင်ခြင်နိုင်ဖို့ ဆရာက လမ်းကြောင်းပေးသွားခဲ့ပါတယ်။ ဒီတရားတွေကိုသာ ကြိုးကြိုးစားစားလေ့ကျင့်ပြီး လက်တွေ့နယ်ပယ်မှာပါ အသုံးချသွားမယ်ဆိုရင် မိမိရဲ့စိတ်နေသဘောထား၊ ခံယူချက်တွေဟာ တဖြည်းဖြည်းပြောင်းလဲလာမယ်လို့ဆိုပါတယ်။

**စိတ်နေသဘောထားပြောင်းလဲလာခြင်းက အစပြု၍**

ကောင်းမွန်တဲ့ စိတ်နေသဘောထားပြောင်းလဲခြင်းတွေကြောင့် စိတ်တွေငြိမ်းချမ်းပြီး စိတ်ထားတတ်လာပါမယ်။ လောဘ၊ ဒေါသ၊ မောဟနည်းလာလို့ ကိုယ်ချင်းစာတရား အားကောင်းလာပါမယ်။ ကြင်နာသနားသည်းခံတတ်လာပြီး အချင်းချင်းကြား နားလည်မှုတွေ ပိုလာပါလိမ့်မယ်။ စိတ်ရင်းစေတနာကောင်းထားလာနိုင်ပြီး သဘောထားကြီးသူဖြစ်လာမယ်။ အရာရာကို အကောင်းမြင်စိတ်နဲ့ ကြည့်တတ်လာလို့ အတ္တမာန်မာနတွေလည်း နည်းလာပါမယ်။ ရယူလိုစိတ်နည်းပြီး ရောင့်ရဲတင်းတိမ်တတ်လာမယ်။ အထက်နဲ့အောက်ကြား တစ်ဦးတစ်ယောက်ချင်းစီမှာ တာဝန်သိမှုတွေရှိလာပြီး လုပ်ငန်းဆောင်ရွက်ရာမှာလည်း တာဝန်ယူ၊ တာဝန်ခံမှုတွေ မြင့်မားလာမယ်လို့ မျှော်လင့်မိပါတယ်။ အကောင်းမြင်မှုနဲ့ တာဝန်ယူမှုကို ပေါင်းစပ်လိုက်တဲ့အခါမှာ သူများကို အပြစ်မတင်တတ်တော့ဘဲ ဘယ်ဟာကအမှား၊ ဘယ်ဟာကအမှန်၊ ဘယ်အရာက ပဓာန၊ ဘယ်အရာက သာမညဆိုတာကိုလည်း ခွဲခြားတတ်လာပါတယ်။

အစွဲလျော့ အစွန်းလွတ်လာပြီး အလယ်အလတ်လမ်းစဉ်နဲ့ ကျင့်ကြံနေထိုင်တတ်လာပါတယ်။ ဒါကြောင့် ဆက်ဆံရေးမှာ အဆင်ပြေချောမွေ့လာပြီး ပတ်ဝန်းကျင်နဲ့လည်း သဟဇာတဖြစ်လာပါမယ်။ ခက်ခဲတဲ့ကိစ္စရပ်တွေမှာ အပေးအယူ၊ အလျှော့အတင်းနဲ့ ကိုင်တွယ်တတ်လာပြီး ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာတာကြောင့် ဆက်ဆံရေးလည်း ကောင်းလာပါမယ်။ ကိုယ့်ကိုယ်ကိုယ်လည်း တန်ဖိုးထားလေးစားတတ်လာပြီး ကိုယ်ကျင့်တရားလည်း ထိန်းသိမ်းတတ်လာမယ်။ မိမိလုပ်ငန်းခွင်မှာ စိတ်ဝင်စားမှုအပြည့်နဲ့ တက်တက်ကြွကြွလုပ်ဆောင်နိုင်လာပြီး တီထွင်ဖန်တီးနိုင်စွမ်းအားလည်း မြင့်မားလာမှာဖြစ်ပါတယ်။

**အပြုသဘောခံယူချက်ပြောင်းလဲမှုတွေကြောင့်**

ဒီလိုပြောင်းလဲလာတဲ့ခံယူချက်၊ သဘောထားတွေကြောင့် ပြဿနာတစ်ခုခု ဖြစ်လာတဲ့အခါ ပြဿနာရဲ့အရင်းအမြစ်ကို ရှာဖွေနိုင်စွမ်းရှိလာတယ်လို့ ဆရာကဆိုပါတယ်။ အကျိုးကိုဖြစ်ပေါ်စေတဲ့အကြောင်းတရားကို ရှာဖွေနိုင်တဲ့အခါ အဂတိတရားလေးပါးလည်း နည်းသထက်နည်းလာပြီး အထက်အောက်ဖိစီးမှုတွေကို ဖြေရှင်းနိုင်စွမ်းရှိလာပါတယ်။ အတ္တနဲ့မာန်မာနကို လျှော့ခြင်းဖြင့် ကိုယ်ချင်းစာမှု၊ နားလည်ပေးမှု၊ သည်းခံမှုတွေ တိုးလာပြီး ကိုယ့်ဝန်ထမ်းအချင်းချင်းကြား ယုံကြည်မှုတိုးသထက်တိုးလာပါတယ်။ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုက ညှိနှိုင်းပေါင်းစပ်အဖြေရှာတတ်ခြင်းကို ရှေးရှုပါတယ်။ အမှန်ကို တန်ဖိုးထားလာတဲ့အခါ အမှားလုပ်မိမှာ စိုးရိမ်တတ်လာပါတယ်။ အကျိုးဆက်က ပြောဆိုဆုံးမဖို့၊ ချီးမြှောက်စကားဆိုဖို့ ဝန်မလေးတော့ခြင်းပါပဲ။ လောဘနည်းလာတဲ့အခါ ဝန်ထမ်းတွေရဲ့ သက်သာချောင်ချိရေး၊ ဘယ်နေရာက ဘယ်လိုလုပ်ပေးရမလဲ စဉ်းစားပြီး ပေးကမ်းထောက်ပံ့၊ ကူညီစွန့်ကြဲတတ်လာပါတယ်။ သူတစ်ပါးအကျိုးကို ပိုဦးစားပေးတဲ့အခါ အများအကျိုးလည်း ဆောင်တတ်လာပါမယ်။ **စာမျက်နှာ ၁၁ သို့** ❑

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် ဩဂုတ် ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြန်လည်အလင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ လှည်းကူးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၁၄ ဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် ၉ မမ ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၉ မမ ကျည်အတောင့် ၂၀၊ RPG တစ်လက်၊ ဒုံးသီး တစ်လုံးနှင့် ပို့ကျည် တစ်တောင့်တို့ကို အပ်နှံကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူပြီး ၉ မမ ပစ္စတိုဖြင့် အလင်းဝင်ရောက်လာသူတစ်ဦးအား ဆုကြေးငွေကျပ် သိန်း ၂၀၊ RPG ဖြင့် အလင်းဝင်ရောက်လာသူ တစ်ဦးအား ဆုကြေးငွေကျပ် ၇၅ သိန်းနှင့် အလင်းဝင်ရောက်လာသူ ၁၄ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၁၅ သိန်း၊ စုစုပေါင်းငွေကျပ် သိန်း ၁၁၀၊ ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ



အလင်းဝင်ရောက်လာသူများက လက်ခံရယူကြသည်။ ယင်းနောက်အလင်းဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# စဉ့်ကူးမြို့တွင် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ဆန်နှင့်စက်သုံးဆီများ ထောက်ပံ့ပေးအပ်

စဉ့်ကူး ဩဂုတ် ၅

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့တွင် မြို့နယ်အတွင်းရှိပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ဆန်နှင့်စက်သုံးဆီများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က စဉ့်ကူးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး စည်သူခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသော်တာထွန်းက အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စဉ့်ကူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသော်တာထွန်းက ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန် ၁၀ အိတ်နှင့် စက်သုံးဆီ ၁၀ ဂါလန်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❑ စာမျက်နှာ ၁၀ မှ

လောဘ၊ ဒေါသ၊ မောဟနည်းတဲ့အကျိုးဆက်ဟာ နောင်ဘဝ နောင်သံသရာအထိပါလာတာကိုသိတဲ့အတွက် ဘာပဲလုပ်လုပ်၊ ဘာပဲတွေးတွေး၊ ဘာပဲပြောပြော ကုသိုလ်နဲ့ယှဉ်ပြီး အလုပ်လုပ်တတ်လာပါမယ်။ လုပ်ငန်းခွင်အတွင်းမှာ ခံယူချက်သဘောထားကောင်းသူအများစု ဖြစ်တည်လာတဲ့အခါ ရည်မှန်းချက်တစ်ခုကို အနည်းဆုံးအင်အားနဲ့ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်လာနိုင်တဲ့အတွက် မိမိမှာပြဿနာတွေနည်းလာပြီး ခေါင်းဆောင်မှုလည်း ကောင်းလာပါလိမ့်မယ်။ အဘက်ဘက်က စိတ်ပိုင်းဆိုင်ရာ အဆင်ပြေလာတဲ့အခါ ရုပ်ပိုင်းဆိုင်ရာမှာပါ ကျန်းမာသန်စွမ်းလာမယ်ဆိုတာကိုတော့ အထူးပြောစရာမလိုပါဘူး။

## သီးခြားမှာကြားချက်များ

ဒါ့အပြင် ဆရာက ကိုယ့်ဝန်ထမ်းတွေအတွက် အကျိုးရှိစေမယ့် သတင်းအချက်အလက်အချို့ကိုလည်း မျှဝေသွားပါတယ်။ လောကမှာ ကောင်းကျိုးအဖြာဖြာဖြစ်ထွန်းဖို့ဆိုရင် ခြိုးခြံချွေတာဖို့လိုပါမယ်။ ယခုခေတ်မှာ အားလုံးက ကျပ်တည်းကြပါတယ်။ သုံးသင့်တာကိုသာသုံးစွဲပြီး အပိုမသုံးဘဲ အလေအလွင့်မရှိနေနိုင်အောင် ကြိုးစားပါလို့မှာပါတယ်။ ရိုးရိုးကျင့် မြင့်မြင့်ကြံဖို့၊ နှစ်လုံး၊ သုံးလုံး စတဲ့ လောင်းကစားတွေကို မလုပ်မိစေဖို့၊ ဆေးလိပ်နဲ့ အရက်ကို လျှော့ချပြီး မူးယစ်ဆေးဝါးတွေကို ရှောင်ကြဉ်ဖို့၊ ကျန်းမာအောင် နေထိုင်ဖို့၊ စာများများဖတ်ပြီး စိတ်အာဟာရဖြည့်ဆည်းဖို့၊ ရတနာသုံးပါးကို မမေ့မလျော့ ကိုးကွယ်ကြည်ညိုဖို့၊ အွန်လိုင်းဂိမ်းကစားခြင်း၊ ဆိုရှယ်မီဒီယာတွေမှာ အချိန်ဖြုန်းခြင်းတို့ကို လျှော့ချဖို့ မှာကြားသွားပါသေးတယ်။

## နာယူမှတ်သားမိသည့် အမေးအဖြေကဏ္ဍ

နောက်တစ်ချက်က ဟောပြောဆွေးနွေးပွဲတွေရဲ့ ထုံးစံအတိုင်း အမေးအဖြေကဏ္ဍပါ။ အမေးအဖြေကဏ္ဍမှာ ဝန်ထမ်းတစ်ဦးက ခေါင်းဆောင်မှုအပိုင်းနဲ့ပတ်သက်ပြီး Personal Power နဲ့ Positional Power အကြောင်း ရှင်းလင်းပေးဖို့ တောင်းဆိုခဲ့ရာမှာ Positional Power ဆိုတာ မိမိရဲ့လုပ်သက်၊ လုပ်ရည်ကိုင်ရည် အရည်အချင်းတွေကြောင့် ရရှိလာတဲ့ ရာထူးအာဏာကိုဆိုလိုခြင်းဖြစ်ပြီး Personal Power ကတော့ တရားဝင်ပေးအပ်ထားတဲ့ ရာထူးအရာမဟုတ်ဘဲ ကိုယ်ပိုင်ကိုယ်ရည်ကိုယ်သွေးနဲ့ ကိုယ်ကျင့်တရား၊ စွမ်းဆောင်ရည်၊ ခံယူချက်သဘောထားတွေကြောင့် အများက လေးလေးစားစား အသိအမှတ်ပြုထားတဲ့စွမ်းအားကို ဆိုလိုကြောင်း ဆရာ့အနေနဲ့ ပြန်လည်ဆွေးနွေးခဲ့ပါတယ်။

ကျွန်မအနေနဲ့တော့ ကိုယ့်ရဲ့လုပ်သက်၊ လုပ်ကိုင်နိုင်စွမ်းတွေကြောင့်ရလာတဲ့ Positional Powerအပြင် ဘယ်နေရာ၊ဘယ်အချိန်ပဲရောက်ရောက် အမြဲတမ်းတစ်သက်လုံး တည်မြဲနေပြီး ဦးဆောင်မှုကဏ္ဍမှာရှိနေတဲ့ Personal Power ကိုလည်း ကြိုးစားတည်ဆောက်ရမယ်လို့ ခံယူမိပါတယ်။ ဒါမှသာ ကိုယ်လုပ်တဲ့အလုပ်က ရေရှည်တည်မြဲတဲ့ အောင်မြင်မှု၊ တိုးတက်မှုကိုရရှိမယ်လို့ ယူဆမိပါတယ်။ ဒါ့အပြင် အခြားဝန်ထမ်းတစ်ဦးကလည်း သတိကပ်မှုအားနည်းတဲ့အခါ လုပ်ငန်းခွင်မှာ အဆင်မပြေတာတွေရှိလာတဲ့အတွက် သတိတရားမြဲအောင် ဘယ်လိုဆောင်ရွက်သင့်သလဲလို့ မေးမြန်းခဲ့ပါတယ်။ သတိဆိုသည်မှာ လေ့ကျင့်မွေးမြူနိုင်တဲ့အရာတစ်ခုဖြစ်ပြီး သတိလက်လွတ်မဖြစ်စေဖို့ တည်ကြည်တဲ့သမာဓိကို ရယူတည်ဆောက်သင့်ပြီး သတိနဲ့တည်ကြည်မှု အပြန်အလှန် အမှီသဟဲပြုနိုင်တဲ့ အရည်အသွေးကို တရားသဘောနဲ့ယှဉ်ပြီး အသေးစိတ် ပြန်လည်ဆွေးနွေးသွားပါတယ်။ သတိမြဲပါက ကိစ္စအများစုမှာ အဆင်ပြေအောင်မြင်နိုင်ပြီး မှတ်ဉာဏ်တွေလည်း တဖြည်းဖြည်းတိုးတက်လာနိုင်ကြောင်း ဆရာ့ရဲ့ ဆွေးနွေးမှုတွေကတစ်ဆင့် အသိပညာ၊ သတိတရားတို့ကို ရရှိခဲ့ပါတယ်။

## အဓိကမွေးမြူထားရမည့် Internal Motivation

တကယ်တော့ဆရာ့ရဲ့ဆွေးနွေးဟောပြောပွဲကို ခြုံငုံသုံးသပ်ရရင် အမှန်တကယ် အကျိုးရှိတဲ့ ဆွေးနွေးပွဲတစ်ခုဖြစ်ကြောင်း နားလည်လိုက်ရပါတယ်။ တက်ရောက်နားထောင်သူအားလုံးကလည်း စိတ်ဝင်စားမှုအပြည့်နဲ့ နားထောင်ကြတာတွေ့ရပါတယ်။

လောကီနယ်ပယ်မှာ ဗုဒ္ဓရဲ့ ဓမ္မနဲ့ယှဉ်တဲ့ နေနည်းထိုင်နည်း စိတ်ထားနည်းတွေကတစ်ဆင့် မိမိစိတ်ဓာတ်ခွန်အားတွေ မြင့်မားအောင် ဘယ်လိုခံယူရမလဲဆိုတာ သိလိုက်ရပါပြီ။ Motivation သဘောတရားမှာ ပြင်ပအထောက်အပံ့ကိုမှီပြီး အားပေးမှု (External Motivation) ကိုအဓိကမမှီခိုဘဲ အမြဲတမ်းတည်မြဲနေမယ့်၊ အမြဲတမ်းအားကိုးလို့ရမယ့် Internal Motivation ကိုသာ ကြိုးစားတည်ဆောက်ဖို့ မှာကြားသွားတာကို နည်းယူမှတ်သားလိုက်မိပါပြီ။ တကယ်လည်း ယခုခေတ်လို အကျပ်အတည်းကာလတွေမှာ မိမိပိုင်ဆိုင်တဲ့ အတွင်းသန္တာန် စိတ်ဓာတ်ခွန်အားမြင့်မားနေခြင်းကသာ ရေရှည်မှာ ခံနိုင်ရည်ရှိမှာဖြစ်ပြီး အရာရာပြေလည်မယ်လို့ထင်ပါတယ်။ အကျပ်အတည်းတွေ၊ ပဋိပက္ခတွေဆိုတာ ယခုပစ္စုပ္ပန်တင်မက နောင်တစ်ချိန်မှာလည်း မမျှော်လင့်ဘဲ ရောက်ရှိလာနိုင်သေးတာပဲမဟုတ်ပါလား။

နိဂုံးချုပ်အပိုင်းမှာတော့ ကျွန်မအနေနဲ့ ကိုယ့်ကိုယ်ကိုယ်ကော အများအတွက်ပါ အကျိုးဖြစ်စေမယ့်အရာတွေကို ဆုတောင်းပေးလိုက်ပါတယ်။ အတိတ်ရဲ့ အရိပ်ကထွက်ပြီး ဗုဒ္ဓရဲ့ အနှစ်သာရတွေကတစ်ဆင့် ကောင်းတဲ့စိတ်ထားတွေ တည်ဆောက်နိုင်ကြပါစေကြောင်း၊ ကောင်းတဲ့စိတ်ထားတွေနဲ့ ကိုယ့်အပေါ်မှာရော ရုံးဌာနအဖွဲ့အစည်း၊ နိုင်ငံအပေါ်မှာပါ မကောင်းတဲ့ ဖိစီးမှုတွေ၊ သက်ရောက်မှုတွေကို ဖြေရှင်းနိုင်ကြပါစေကြောင်း၊ ဒီလိုဖြေရှင်းရာကတစ်ဆင့် အတွေ့အကြုံတွေ၊ သင်ခန်းစာတွေရယူပြီး စိတ်ဓာတ်ခွန်အားတွေ မြင့်သထက်မြင့်ကြပါစေကြောင်း၊ လူတော်လူကောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်း၊ အနာဂတ်ခေါင်းဆောင်ကောင်းတွေ ဖြစ်ကြပါစေကြောင်း၊ ကောင်းတဲ့စိတ်ထားတွေနဲ့အတူ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးနိုင်သူတွေဖြစ်ကြပါစေကြောင်း၊ ဖိအားတွေအောက်မှာ ခံနိုင်ရည်ရှိသူတွေဖြစ်ကြပါစေကြောင်း၊ အတွေးမှန်၊ အလုပ်မှန်၊ အပြောမှန်၊ ဆုံးဖြတ်ချက်လည်း မှန်ကြပါစေကြောင်း၊ လက်ရှိတဒင်္ဂကိုပဲမကြည့်ဘဲ အနာဂတ်ဘဝတစ်လျှောက်နဲ့ သံသရာအထိ ကြည့်နိုင်မြင်နိုင်ကြပါစေကြောင်း၊ စိတ်ဓာတ်မကျဘဲ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိကြပါစေကြောင်း ဆုတောင်းစကားတွေကို အားလုံးထပ်တူထပ်မျှ ရစေဖို့ရာ ဝေမျှလိုက်ရပါတော့တယ်။ ။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB Pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ပြည်တွင်းစားသုံးမှုသာမက မွေးမြူရေးထွက်ကုန် အခြေခံစားသောက်ကုန်ချော ထုတ်လုပ်တင်ပို့မှုလုပ်ငန်းများဖွံ့ဖြိုးလာရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

နိုင်ငံတော်၏ စားရေရိက္ခာဖူလုံပိုလျှံရေးနှင့် ပြည်သူများ၏ အာဟာရပြည့်ဝရေးတွင် အရေးပါသော သားငါးထုတ်လုပ်မှုတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံမှ ဖြည့်ဆည်းကူညီပေးနိုင်ရေးနှင့် မွေးမြူရေးကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု တိုးတက်လာရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၄ ရက်တွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းဆောင်ရွက်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြည်တွင်းစားသုံးမှုသာမက မွေးမြူရေးထွက်ကုန် အခြေခံစားသောက်ကုန်ချော ထုတ်လုပ်တင်ပို့မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေးကြိုးပမ်းလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း တစ်ယူနစ်လျှင် ဝက်ကောင်ရေ ၁၀၀ ပါဝင်သည့် ယူနစ် ၇၀ မွေးမြူလုပ်ကိုင်နိုင်ရေးအတွက် မွေးမြူရေးတောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ပေးမည်ဖြစ်၍ နည်းပညာနှင့် လိုအပ်သည့်ကူညီမှုများကို သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မျိုးမြှင့်ပေးခြင်း၊ မျိုးကောင်းမျိုးသန့် သားပေါက်များ စီစဉ်ဆောင်ရွက်ပေးခြင်းနှင့်အတူ တိရစ္ဆာန်ကူးဆက်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အွန်လိုင်းဖြင့် တက်ရောက်ကြသူများက ဒေသအလိုက် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက် လျာထားချက်များ၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာရှိ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ အော်ဂဲနစ်စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းခွင်ကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာ မွေးမြူရေးတောင်သူ ဦးဘုန်းမြင့်အောင် မွေးမြူထားသည့် မျိုးဝက်မ၊ မျိုးဝက်သိုးနှင့် အသားတိုးဝက်များ မွေးမြူထားရှိမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဇေယျာသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာရှိ ငါးလုပ်ငန်းဦးစီးဌာန ရေဆင်းငါးလုပ်ငန်းစခန်းတွင် ဆောင်ရွက်နေသည့် ငါးသားဖောက်ခြင်း၊ ငါးရှဉ့်မွေးမြူခြင်းနှင့် စားဖားမွေးမြူထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ရုံးအမှတ်(၃၆) အနီးရှိ နို့စားနွားမွေးမြူရေးသရုပ်ပြပွဲနှင့် မျိုးဖြန့်ဖြူးရေးခြံတွင် နို့စားနွားမွေးမြူထားရှိမှုနှင့် နွားစာမြက်နေပီယာ ပတ်ချောင်း(၁) မြက်စိုက်ခင်းကိုလည်းကောင်း၊ တိရစ္ဆာန်မွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ နိုက်ထရိုဂျင် အရည်ထုတ်စက်ရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဌာနမှမွေးမြူရေးပညာရှင်များနှင့် ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများအကြား ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးနှင့် မွေးမြူရေးလုပ်ငန်းခွင် အခက်အခဲများ၊ ပြဿနာများကို နည်းပညာရပ်ပိုင်းမှ ကူညီဖြေရှင်းပေးနိုင်မည့် အခွင့်အလမ်းများ ဖော်ထုတ်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဒုတိယဝန်ကြီးက ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၅**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တရုတ်နိုင်ငံ၌ ကလေးငယ်များ စမတ်ဖုန်းကို တစ်ရက်လျှင် နှစ်နာရီသာ အသုံးပြုရန် ကန့်သတ်သွားမည်

ပေကျင်း ဩဂုတ် ၅

တရုတ်အာဏာပိုင်များသည် ကလေးများ၏ စမတ်ဖုန်းအသုံးပြုမှုကို တစ်ရက်လျှင် အများဆုံး နှစ်နာရီအထိသာ အသုံးပြုရန် နိုင်ငံ၏အင်တာနက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့အား ပြောကြားသည်။

နိုင်ငံ၏ အင်တာနက်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည် ကလေးငယ်များအား စမတ်ဖုန်းအသုံးပြုမှု ကန့်သတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်မူကြမ်းကို မိုဘိုင်းသုံးစွဲသူများအား အသိပေးရန် မိုဘိုင်းစက်ပစ္စည်းထုတ်လုပ်သူများနှင့် အက်ပလီကေးရှင်း ဆော့ဖ်ဝဲရေးဆွဲသူများအား တောင်းဆိုထားကြောင်း သိရသည်။

အသက် ရှစ်နှစ်အောက် ကလေးများအတွက် တစ်ရက်လျှင် မိနစ် ၄၀၊ ၁၆ နှစ်အောက် ကလေးများအတွက် တစ်နာရီနှင့် ၁၈ နှစ်အောက် ကလေးများအတွက် နှစ်နာရီအထိသာ အသုံးပြုရမည်ဟု ကန့်သတ်ထားမည်ဖြစ်သည်။

အသက် ၁၈ နှစ်အောက် မည်သူမဆို ၎င်းတို့၏ မိုဘိုင်းဖုန်းသုံးစွဲမှုကို ည ၁၀ နာရီမှ နံနက် ၆ နာရီအထိ အသုံးပြုမှုကို ပိတ်ပင်ထားမည်ဖြစ်သည်။ ထို့ပြင် မိနစ် ၃၀ ခန့် သုံးစွဲပြီးနောက် ခေတ္တအနားယူရမည်ဖြစ်ကြောင်း တိုက်တွန်းသည့် သတိပေးချက်များကိုလည်း စမတ်ဖုန်းအသုံးပြုမှုကန့်သတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်မူကြမ်းတွင် ထည့်သွင်းသွားမည်ဖြစ်သည်။ စမတ်ဖုန်းအသုံးပြုမှုကန့်သတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်ကို မိဘများအား ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ကန့်သတ်ချက်များသည် ကောင်းမွန်သော အွန်လိုင်းအလေ့အထများကို မွေးမြူရန် ဖန်တီးထားခြင်းဖြစ်သည်ဟု အင်တာနက်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ပြောသည်။ စမတ်ဖုန်းအသုံးပြုမှု ကန့်သတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်မူကြမ်းနှင့် ပတ်သက်သည့် အဆိုပြုချက်များကို လာမည့်လတွင် ပြည်သူများ၏ ထင်မြင်ချက်များကို ရယူမည်ဖြစ်သည်။

ကလေးများ၏ အွန်လိုင်းဂိမ်းများနှင့် ဆိုရှယ်မီဒီယာကို စွဲလမ်းခြင်းသည် တရုတ်နိုင်ငံတွင် လူမှုဆက်ဆံရေးပြဿနာတစ်ခုဖြစ်လာပြီး စမတ်ဖုန်း အလွန်အကျွံအသုံးပြုမှုကြောင့် လူငယ်အများအပြား မျက်စိအမြင်အာရုံ အားနည်းမှုများကို ကြုံတွေ့ခံစားနေရကြောင်း သိရသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# ရုရှားသမ္မတဗလာဒီမာပူတင် ဩဂုတ်လအတွင်း တူကီယဲနိုင်ငံသို့ လာရောက်နိုင်ဖွယ်ရှိဟုဆို

အစ္စတန်ဘူလ် ဩဂုတ် ၅

ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်သည် ယခုလအတွင်း တူကီယဲနိုင်ငံသို့ လာရောက်နိုင်ဖွယ်ရှိကြောင်း တူကီယဲနိုင်ငံသမ္မတ အာဒိုဂန်က ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်အနေဖြင့် တူကီယဲနိုင်ငံသို့ လာရောက်မည့် ရက်နှင့် စပ်လျဉ်း၍ ယခုတိုင် အတည်မပြုနိုင်သေးကြောင်းလည်း တူကီယဲနိုင်ငံသမ္မတ အာဒိုဂန်က တူကီယဲရုပ်မြင်သံကြားသတင်းဌာနသို့ ပြောကြားသည်။

တူကီယဲနိုင်ငံသည် ယူကရိန်းနိုင်ငံနှင့် ရုရှားနိုင်ငံတို့နှင့် ကောင်းမွန်သော ဆက်ဆံရေးရှိသောနိုင်ငံဖြစ်ပြီး ပင်လယ်ဆိပ်ကမ်းများမှတစ်ဆင့် ယူကရိန်းနိုင်ငံ၏ ဆန်တင်ပို့မှု၊ ရုရှားနိုင်ငံ၏ အစားအစာနှင့် ဓာတ်မြေဩဇာတင်ပို့မှုများကို အဆင်ပြေစေရေးလုပ်ဆောင်ပေးနေသည့်နိုင်ငံဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**

# လာအိုနိုင်ငံသို့ ယခုနှစ်ပထမခြောက်လအတွင်း နိုင်ငံခြားသားခရီးသွား ၁ ဒသမ ၆ သန်းကျော် ဝင်ရောက်

ဗီယင်ကျန်း ဩဂုတ် ၅

လာအိုနိုင်ငံသို့ ယခုနှစ်ပထမခြောက်လတာကာလအတွင်း ဝင်ရောက်ခဲ့သည့် နိုင်ငံခြားသားခရီးသွားအရေအတွက်သည် သိသိသာသာမြင့်တက်မှုရှိခဲ့ပြီး နိုင်ငံအတွင်းသို့ လာရောက်ခဲ့သည့်နိုင်ငံခြားသားခရီးသွား ၁ ဒသမ ၆ သန်းကျော်ရှိခဲ့ကြောင်း သိရသည်။

လာအိုနိုင်ငံ သတင်းအချက်အလက်၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ ခရီးသွားလုပ်ငန်းဈေးကွက်ရှာဖွေရေးဌာနက ဇူလိုင်လအတွင်း ထုတ်ပြန်သည့်အချက်အလက်များအရ ထိုင်းနိုင်ငံက နိုင်ငံခြားသားခရီးသွား ၆၆၈၅၉၅ ဦးဖြင့် ခရီးသွားအရေအတွက်အများဆုံးအဖြစ် ရပ်တည်လျက်ရှိပြီး ၎င်းနောက်တွင် ဗီယက်နမ်နိုင်ငံက ၃၉၈၉၃၇ ဦး၊ တရုတ်နိုင်ငံက ၃၁၇၆၀၄ ဦးစသည်ဖြင့် ခရီးသွားအရေအတွက် အများဆုံးနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

လာအိုနိုင်ငံသို့ ယခုနှစ်ပထမခြောက်လအတွင်း လာရောက်သည့် နိုင်ငံခြားသားခရီးသွားအရေအတွက်သည် ၂၀၂၂ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာမြင့်တက်မှုရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်ပထမခြောက်လအတွင်း ခရီးသွားပြည်ဝင်ခွင့်ဖြင့် လာအိုနိုင်ငံသို့ဝင်ရောက်လာသူ နိုင်ငံခြားသားခရီးသွား ၄၂၁၉၇ ဦး ရှိကြောင်း သိရသည်။

လာအိုနိုင်ငံအစိုးရက ပြည်ပနိုင်ငံများမှ ခရီးသွားများအား နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြန်လည်ခွင့်ပြုပေးခဲ့ပြီးနောက်ပိုင်းနှင့် တရုတ်–လာအိုမီးရထားလမ်း ဝန်ဆောင်မှုစတင်ခဲ့ပြီးနောက်ပိုင်း အခြားနိုင်ငံများမှ လာအိုနိုင်ငံအတွင်းသို့ လာရောက်သူ ပိုမိုများပြားလာခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

တရုတ်–လာအိုမီးရထားလမ်းဝန်ဆောင်မှုစတင်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်အတွင်း လာအိုနိုင်ငံသို့ တရုတ်နိုင်ငံခြားသားခရီးသွား ၃၆၈၀၀၀ ခန့်ဝင်ရောက်မည်ဟု လာအိုအာဏာပိုင်များက မျှော်မှန်းထားပြီး ပြီးခဲ့သည့်နှစ်ကထက် ၂၀ ရာခိုင်နှုန်း မြင့်တက်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။ လာအိုနိုင်ငံအစိုးရသည် ယခုနှစ်အတွင်း နိုင်ငံခြားသားခရီးသွား အများအပြားဝင်ရောက်ရေး ဆွဲဆောင်သွားရန် မျှော်လင့်ထားကြောင်းလည်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**



# ဂျပန်နိုင်ငံဖူကူရှီးမားစီရင်စု၌ နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်

တိုကျို ဩဂုတ် ၅

ဂျပန်နိုင်ငံဖူကူရှီးမားစီရင်စု၌ ယမန်နေ့တွင် နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လျက်ရှိပြီး အခြားစီရင်စုများတွင်လည်း အပူချိန်ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရသည်။

ဖူကူရှီးမားစီရင်စုသည် ဂျပန်နိုင်ငံအတွင်းရှိ အခြားသော မြို့များအနက် ယခုနှစ်နွေရာသီတွင် နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်သည့် ပထမဆုံးသောမြို့ ဖြစ်လာခဲ့သည်။

မြင့်တက်ခဲ့

ဆာကီစီရင်စု၌ နေ့အပူချိန် ၃၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ်၊ တိုယိုးကာမြို့၌ ၃၉ ဒသမ ၄ ဒီဂရီစင်တီဂရိတ်၊ မိုင်ဇူရုမြို့၌ ၃၉ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

တိုကျိုမြို့လယ်တွင်လည်း အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်ထက်မြင့်တက်ခဲ့သည်။



ဩဂုတ် ၇ ရက်တွင် အပူချိန်များဆက်လက် မြင့်တက်လာနိုင်ဖွယ်ရှိသည့်အတွက် စီရင်စု ၂၈ ခု၌ အပူလျှပ်ခြင်းဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

တစ်ချိန်တည်းတွင် ပြင်းထန်သော မိုးများရွာသွန်းမှုကြောင့် ဟော့ကိုင်းဒိုးမြောက်ပိုင်းစီရင်စု၏ အချို့နေရာများတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

ဟာဘိုရိုမြို့၌ ဩဂုတ် ၅ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီအထိ ၇၂ နာရီအတွင်း မိုးရေ ၁၆၅ မီလီမီတာ ရွာသွန်းခဲ့သည်။ မိုးရွာသွန်းမှုသည် ဩဂုတ်လတစ်လလုံးအတွက် ပျမ်းမျှထက် ကျော်လွန်လျက်ရှိသည်။

မြေပြိုခြင်း၊ မြေနိမ့်ပိုင်းနေရာများတွင် ရေကြီးခြင်းနှင့် မြစ်ချောင်းများ ရေလျှံခြင်းများ ဖြစ်ပွားလျက်ရှိသည့်အတွက် သတိရှိစွာဖြင့် နေထိုင်ကြရန် မိုးလေဝသတာဝန်ရှိသူများက ပြည်သူများကို တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ ဥတ္တရာခန်ပြည်နယ်၌ ရုတ်တရက်ရေကြီးမှုကြောင့် ၁၂ ဦး ပျောက်ဆုံးလျက်ရှိ

နယူးဒေလီ ဩဂုတ် ၅

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်ပြည်နယ်၌ ရုတ်တရက်ရေကြီးမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ကာ အနည်းဆုံး ၁၂ ဦး ပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိသူများက ယနေ့တွင် ပြောကြားသည်။

တာဝန်ရှိသူများ၏ ပြောကြားချက်အရ ဥတ္တရာခန်ပြည်နယ်၏ မြို့တော် ဒီရာဒမ်မြို့ အရှေ့မြောက်ပိုင်း ၂၄၅ ကီလိုမီတာအကွာရှိ ရူဒရာပရာယက်ခရိုင်တွင် ဩဂုတ် ၃ ရက်ညပိုင်းက ရုတ်တရက်ရေကြီးမှုကြောင့် ဈေးဆိုင်အများအပြား ရေထဲမျောပါသွားကြောင်း သိရသည်။

အမျိုးသားသဘာဝဘေးတုံ့ပြန်ရေးတပ်ဖွဲ့နှင့် ပြည်နယ်သဘာဝဘေးတုံ့ပြန်ရေးတပ်ဖွဲ့တို့မှ တာဝန်ရှိသူများသည် ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်မှုများ လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

ယင်းသို့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေသော်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်စောင်းများမှ ကျောက်တုံးများ ဆက်တိုက်ပြိုကျမှု ဖြစ်ပွားခဲ့ခြင်းကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် အနှောင့်အယှက်များ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ကျိုက်ထိုနှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် ငွေကျပ် ၃ ဒသမ ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ကက်တမင်းများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၅

ကျိုက်ထိုနှင့် မင်္ဂလာဒုံမြို့နယ်တို့တွင် ငွေကျပ် ၃ ဒသမ ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ကက်တမင်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၆ ရက် ည ၉ နာရီခွဲတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ရန်ကုန်မှ ရေးသို့သွားသည့် ခရီးသည်တင်ယာဉ်ပေါ်ပါ အောင်မင်းထွန်းကို အိုက်စ်(မက်သ်အဖက်တမင်း) ၃ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဇူလိုင် ၂၇ ရက် မွန်းတည့် ၁၂ နာရီတွင် ဖမ်းမိမူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သည့် ညီညီထွန်း(ခ)ညီညီ ကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင်လည်းကောင်း၊ ညနေ ၅ နာရီတွင် စံလင်းနှင့် ထွန်းနိုင်မိုးတို့ကို မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီးတွင် အိုက်စ် ၁ ကီလို၊ Honda Fit ယာဉ်တစ်စီးနှင့်လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ညနေ ၅ နာရီခွဲတွင် ဖမ်းမိတရားခံ ထွန်းနိုင်မိုး ငှားရမ်းနေထိုင်သည့် မင်္ဂလာဒုံမြို့နယ် ပုလဲ (၁)ရပ်ကွက် ခိုင်ရွှေဝါလမ်းရှိ နေအိမ်တွင် အောင်ကိုဦးနှင့်အတူ အိုက်စ် (မက်သ်အဖက်တမင်း) ၁၁၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း၊ ကက်တမင်း ၆၂၀ ဂရမ် ထပ်မံဖမ်းဆီးရမိခဲ့၍ စုစုပေါင်း တန်ဖိုးငွေကျပ် ၃ ဒသမ ၉၆ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၁၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း၊ ကက်တမင်း ၆၂၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ ငါးဦးကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ ချင်းရွှေဟော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော ကျားဝတ်ခြေအိတ်ဆိုဒ်စုံ ကီလိုဂရမ် ၁၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း၊ MITT ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် White Powder ကီလိုဂရမ် ၄၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၆၃၀၀)ကိုလည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် LUBI Monoblack Pump Set ၁၀ ခု အပါအဝင် ကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၆၀၆၆၈)ကိုလည်းကောင်း၊ သွင်းကုန်လိုင်စင်မရရှိမီ ဆိပ်ကမ်းသို့ ရောက်ရှိသည့် ရက် ၆၀ ကျော်လွန်နေသည့် LG Parking Management Computer အပါအဝင် ကုန်ပစ္စည်း ၄၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၄၈၈၈၆၈)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ ဝန်စည်တစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမျိုးသမီးလက်ကိုင်အိတ် အလုံး ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၂၀၄၅၈၃၆ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် ဩဂုတ် ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပဲခူးခရိုင်အတွင်း စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၀၅၃ တန်၊ သစ်မာသုည ဒသမ ၅၆၂ တန်နှင့် အခြားသစ် ၃ ဒသမ ၅၇၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၃၆၉၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၃ ရက်နှင့် ၅ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၀၄၉၅၂၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၈-၂၀၂၃ တနင်္ဂနွေနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ 'အနတ္တလက္ခဏသုတ်တရားတော်'
- ၀၉:၁၅ တရုတ်ကာတွန်း **'ဖြူဝင်းစိတ်လှ'** (အပိုင်း-၂၁)
- ၁၀:၀၀ 'သတင်းသမားပြောတဲ့သတင်းစကား'
- ၁၀:၃၀ "Music Traveller" တေးဂီတဖျော်ဖြေပွဲ (ပွဲစဉ်-၁)
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၃၅ This Week's Special Interest
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာ့ဂန္ထဝင်ရုပ်ရှင် **'အိုးတန်ဖြေ'** (ညွန့်ဝင်း၊ချိုပြုံး၊ဆွေဇင်ထိုက်)
- ၁၆:၃၅ Sports Diary
- ၁၇:၂၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၃၀ Economic Review
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဗိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'** (အပိုင်း-၁၀)
- ၁၉:၃၀ မာရဝိဇယမြတ်ဗုဒ္ဓ
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ **'ကာရံညီတဲ့အနုပညာရှင်'** ဒါရိုက်တာမောင်မောင်မြင့်အကယ်ဒမီနှဲ့နှဲ့စန်း
- ၂၁:၂၀ ဆေးရောင်စုံရုပ်ရှင် **'ချစ်ခြင်းဖွဲ့ငပတ္တာ'** (ဒွေး၊မင်းသူ၊တင့်တင့်ထွန်း၊အိန္ဒြာကျော်ဇင်)

**mitv**

- 07:01 Evergreen Classic : Sone Taw Myaing (Takkatho Lae Lae)
- 07:09 Graffiti: Character Art
- 07:13 Waso Charity Feast
- 07:32 Myanmar Traditional Instruments - Myanma Harp (Episode-1)
- 08:01 News
- 08:27 Water Hyacinth and Rattan Products
- 08:42 Tour around Kyaukse
- 09:01 Durian Festival
- 09:26 Today Myanmar: Tea Export
- 09:37 Clam Farming
- 10:01 News
- 10:27 A Historic Town: 9 Pagodas

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)** မွန်ပြည်နယ်ထန်းတက်သမားဘဝနှင့် ချောင်းဆုံကလော့ကျေးရွာမှမြန်မာမုန့်လုပ်ငန်း

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** ထူးဆန်းပွေရှာရခိုင့်ဓလေ့ရှေးရိုးရာ(ငစွေအက)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ထင်းရှူးတန်းကရှိုက်ခဲ့ပန်း (အပိုင်း-၁)(ဇာတ်လမ်း)

**ဝ (၁၂:၀၀ မှ ၁၄:၀၀)** စပျစ်သီးစိုက်ပျိုးခြင်း

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ဒါကြက်ဥပူတင်းလုပ်စားကြမယ်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)** ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု

**ပအိုဝ်းကရင် (၁၈:၀၀ မှ ၁၉:၀၀)** သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၃)

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** စားမြိန်ဖွယ်ရာဝုံးဟင်းလျာ

**အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)** တောင်ပေါ်မြေမှကယန်းတိုင်းရင်းသားတို့ရဲ့ တံခွန်တိုင်ပွဲတော်

**ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)** ဇီးဖြူသီးနှင့်ကျန်းမာရေး

**ချင်း(ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** တောင်ကြာပန်းတို့ရှိရာဆီ တစ်ခေါက်တစ်ခါအလည်ရောက်စေချင်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၁၅ နေကြာသီးနှံအထွက်တိုးပိုများအုံဖွေး၍ဝတ်မှုံကူးစို
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'မမှန်သတင်းပေးခြင်း'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆)

**MRTV FARMERS' Channel**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၁၀ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်(အပိုင်း-၃)
- ၀၆:၅၀ တောင်သူ့ဘဝတိုးတက်ဖို့သိလောင်ရဲ့ ကုန်အပ်လက်မှတ်ကိုအခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကိုအသုံးပြုကြစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ ရုပ်ရှင်ဇာတ်လမ်း **သားပိုက်ကောင်** (အပိုင်း-၂)
- ၁၉:၀၀ ရုပ်သံဇာတ်လမ်းတွဲ ကျွန်မခင်ပွန်း၏လျှို့ဝှက်ချက်(အပိုင်း-၂)
- ၀၉:၃၀ An Extreme Heat Garden Update

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၂၀ Sports Diary
- ၀၆:၃၀ ရွှေရောင်မျိုးဆက်သစ်များနှင့်တွေ့ဆုံခြင်း
- ၀၇:၄၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကတ်ဘောအက်ဆေး'**

Education Channel ကို နေ့စဉ်တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Rumba James Rumba” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်း စိန်ဂေဟာကုန်တိုက်နေ စံထက်ကျော်အား ညနေ ၅ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ “Hla Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၇)ရပ်ကွက်နေ လှထွန်းအား ညနေ ၃ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ “Tin Ko Ko Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်း မြို့နယ် ၁၆/၄ ရပ်ကွက်နေ တင်ကိုကိုလွင်အား ည ၁၀ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ဇမ္ဗူသီရိမြို့နယ် ဂုဏ်မင်းအင်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စု(မွမ်းမံ)ခွင့်ပြုရန်ပုံငွေများဖြင့် ဂုဏ်မင်းအင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ယမန်နေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

**စစ်ဆေး**

ထိုသို့ စစ်ဆေးရာတွင် ပျဉ်းမနားခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ဇမ္ဗူသီရိမြို့နယ်ဦးစီးမှူး ဒေါ်ရီရီပြုံးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ဂုဏ်မင်းအင်းကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၈၃ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ဆေးပြီး ကျေးရွာရေပေးရေးကော်မတီဝင်များ၊ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

ဂုဏ်မင်းအင်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စု(မွမ်းမံ)ခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၆၈၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ဇူလိုင်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး၏ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး ပါက အဆိုပါကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၂၇၅ အိမ်၊ လူဦးရေ ၁၀၃၂ ဦးတို့အတွက် သန့်ရှင်းသော သောက်ရေ၊ သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိမည်ဖြစ်ကြောင်း ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

၂၂၂

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၈-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၀၅ | ၂၃၂၅ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၅ | ၃၁၂၀ |
| 95 Ron | ၂၂၈၅ | ၂၃၃၅ | ၂၃၃၅ | ၂၂၉၅ | ၂၃၃၅ | ၂၃၆၀ | ၂၃၄၀ | ၂၃၂၀ | ၂၄၂၀ | ၂၄၃၅ | ၂၃၂၅ | ၂၃၄၅ | ၂၃၇၀ | ၂၃၇၅ | ၂၃၇၅ | ၂၆၀၅ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၂၂၀ |
| HSD (50 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၄၀ | ၃၂၈၀ |
| HSD (10 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၄၀ | ၃၂၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၇ | ၂၁၄၂ |
| 95 Ron | ၂၁၇၅ | ၂၂၅၂ |
| HSD (500 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၈၂ |
| HSD (10 ppm) | ၂၄၀၅ | ၂၄၈၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



စိုင်းပန်တိအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ကြည့်မြင်တိုင်နှင့် ကွန်ဟိန်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၄ ရက် ညနေ ၃ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင်(အနောက်)ရပ်ကွက် ဈေးကြီးလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ မမီမီအောင်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကို လည်းကောင်း၊ ထိုနေ့ နံနက် ၉ နာရီခွဲတွင် ကွန်ဟိန်းမြို့နယ် ကာလိမြို့ ရပ်ကွက်(၁) နားခေါက်လမ်းနေ စိုင်းပန်တိ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၁၄၅ ကီလိုနှင့် ငွေကျပ် ၃၃ သိန်းကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

ဝတ္ထုတို

■ ပိုင်ပိုင်




(၁)

သည်ခံစားချက်ကြီးကို ကျွန်တော် ဘယ်လိုမှ မခံစားနိုင်။ ယုံကြည်မှုပျက်သုဉ်းခြင်းက အတော်ခံပြင်းစရာ။ မထင်မှတ်သော ဘဝ၏အချိုးအကွေ့ပေလား။ မည်သို့ဆုံးဖြတ်ရမည်ကို အာရုံများဝေဝါးလျက်။

"ဟူး....."

ရင်ပူပူမှ ဆောင့်တက်လာသော လေပူပူကို မှုတ်ထုတ်နေမိသည်မှာ ဘယ်နှကြိမ်ရှိပြီမသိ။ သက်ဆုံးတိုင်ဟူသော စကားရပ်က သူနှင့် ကျွန်တော့်ကြားတွင် ပျောက်ကွယ်ပြီထင်၏။ ကျွန်တော့်မိသားစုအပေါ် အရိပ်မည်း မထင်ဟပ်စေရန် လုပသည့် အဆုံးသတ်သာဖြစ်ရမည်။

(၂)

ဖြစ်စဉ်အစက...

"Social media တွေမှာက အမှန်တရားထက် အပိုတွေက ပိုများနေတာ မိုးမိုး။ မင်း အဲဒါတွေထဲ မျောမနေနဲ့"

"အခုခေတ်က လက်ညှိုးတစ်ချက်ထောက်တတ်ရင် ကမ္ဘာပတ်ပြီး သိချင်တာ သိလို့ရတဲ့ခေတ်ပါ ကိုကိုရယ်။ မိုးလို အိမ်တွင်းအောင်းနေရသူအတွက်က ဒီအွန်လိုင်းပေါ်မှာပဲ စိတ်ဖြေရာပါ"

သူက အိမ်တွင်းအောင်းနေရသူဟုဆို၏။ ဟုတ်ပေသည်။ ကျွန်တော်နှင့် အိမ်ထောင်ကျပြီး ကတည်းက သူ့ကို ဘဏ်ဝန်ထမ်းအလုပ်မှ ထွက်ခိုင်းခဲ့၏။ သားလေးမွေးလာတော့လည်း မေမေနှင့် မမကြီးတို့က သည်းသည်းလှုပ်ဖြစ်ကာ လက်ပေါ်မှမချကြ။ ချစ်စဖွယ်သားလေး မွေးပေးသည့် သူ့ကိုလည်း အလိုလိုက်အကြိုက်ဆောင်ကြတော့သည်။ စီးပွားရေးတိုးချဲ့ရန်သာ အာရုံများတတ်သော ကျွန်တော် သူ့ကို ငွေကြေး အဆောင်အယောင်ပြည့်စုံစွာ ဖြည့်ဆည်းပေးထား၏။

"ဘာပြောတယ်။ Online shop လုပ်ချင်တာ ဟုတ်လား။ ဟာကွာ... ဇယားတွေရှုပ်ပါတယ်။ မလုပ်နဲ့။ ကိုကိုရှာသရွေ့ မင်းသုံးလို့ရနေတာကို"

"ကိုကို ရှာတာကိုထိုင်သုံးလို့ရနေလည်း မိုးက ကိုယ်ပိုင်ဝင်ငွေရှာချင်တယ်။ မိုးကိုယ်မိုး ငွေမရှာတတ်သူ၊ အသုံးမကျသူလို့ အလုပ်ထွက်ပြီးကတည်းက ခံစားနေရတာ ကိုကိုရဲ့"

"အိမ်ထဲမှာပြည့်စုံပြီး နေရပေမယ့် ဒီအိမ်မှာ မိုးအတွက်နေရာမရှိသလို ခံစားရတယ်"

သူ့စကားကြောင့် ကျွန်တော် အလိုမကျသလိုဖြစ်မိသည်။ မျိုးရိုးကြီးကျယ်မြင့်မြတ်မှုကို ဂုဏ်တင်ထားသည့် ကျွန်တော့်မိဘများ၏ သဘောမတူမှုကြောင့် သူ့ကို ကျွန်တော် ခိုးပြေးခဲ့သည်။ ဇာတိအညာမြေကနေ ဘွဲ့တစ်ခုပိုက်ပြီး စွန့်စွန့်စားစားနှင့် ရန်ကုန်တက်လာသော သူ့ကို သူငယ်ချင်းညီမနှင့် ဆက်စပ်ကာ ကျွန်တော်သိရှိ ချစ်ကျွမ်းဝင်ခဲ့ခြင်းပင်။ သဘောမတူနိုင်သော မိဘများက သူ့ကို ကျွန်တော် ခိုးပြေးပြီး နောက်မှာတော့ ကျွန်တော့်ကို မပစ်နိုင်သလို သူ့ကိုပါ အချစ်ပိုပေးခဲ့၏။ အညာမြေက သူ့မိဘများထံ မိသားဖသားပီပီ သူ့ကိုပြန်အပ်နှံကာ မင်္ဂလာပွဲ တင့်တယ်စွာဆောင်ပေးခဲ့သည်။

ဖေဖေဆုံးပါးပြီးနောက် အိမ်၏စီးပွားရေးကို ကျွန်တော်ဦးစီး ဆောင်ရွက်ရသော်လည်း ဝင်ငွေ၊ ထွက်ငွေ စာရင်းဇယား စီမံသူက အိမ်၏ဘဏ္ဍာရေးမှူး မမကြီး။ အိမ်မှုကိစ္စ ချက်ရေးပြုတ်ရေးတာဝန်အတွက် အိမ်အကူ နှစ်ယောက်၏ မန်နေဂျာက မေမေ။ ဖေဖေ ရှိစဉ်ကတည်းက ထိုသို့ တာဝန်ကိုယ်စီ။ ကျွန်တော်ကလည်း ချစ်သောဇနီးလေးကို အိမ်ထဲ၌ပင် မင်းသမီးလေးလို လှပပြည့်စုံစွာ ထားချင်သူ။

(၃)

"ဟော...သား ပြန်လာပြီ။ ဟဲ့...မရီ ထမင်းပွဲပြင်စမ်း"

"ဖြည်းဖြည်းလုပ်ခိုင်းပါ မေမေ။ မေမေတို့ကော ထမင်းစားပြီးကြပြီလား။ မိုးကော..."

"သား... မေမေ ပြောစရာရှိတယ်။ လာ ထိုင်ဦး"

"ထူးထူးကပြောတယ် သား...မေမေက ဖုန်းတွေပဲ ခဏခဏ ပြောနေတယ်တဲ့။ သူ့ကြီးကြီးကိုလည်း ပြောပြသတဲ့"

ကျွန်တော့်အနားကပ်ထိုင်ပြီး လေသံတိုးတိုးနှင့် နှစ်ကိုယ်ကြားပြောသည့် မေမေ့စကားများက နားစည်မှာ လေပြင်းထန်သွားသလိုပင်။

"မေမေ စိုးရိမ်မိတယ် သားရေ...သားအိမ်ထောင်ရေး ဘယ်လိုလွဲမှားမှုမျိုးမှ မဖြစ်စေချင်ဘူး။ ကိုယ့် အမျိုးတွေကြားထဲမှာ မျက်နှာပျက်ရမှာလည်း စိုးပါတယ်"

သိပ်ကို စည်းစနစ်ကျကာ လူမှုကျင့်ဝတ်ကို အလေးထားစောင့်စည်းကြသလို ဆွေရေးမျိုးရေး သိပ်ကိုစည်းရုံးကြသည့် မေမေ့အမျိုးများကို မြင်ယောင်မိ၏။

ကျွန်တော် ထင်မှတ်မထားသော စကားများ။ အသက်ငါးနှစ်ရှိပြီဖြစ်သော သားသား၏ စကားကလည်း မမှားနိုင်။ သားသားက သူ့ကြီးကြီးနှင့်သာ ငယ်စဉ်ကတည်း အိပ်သည်။ မမကြီး တုပ်ကွေးဖြစ်၍ သားသားကို သူနှင့် ခေါ်သိပ်သည်မှာ မကြာသေး။ ကျွန်တော်က အိမ်ပြန်ချိန်ညဥ့်နက်သည်က များ၏။

"မိုးမိုးကော... အခန်းထဲမှာပဲလား မေမေ"

"ဟုတ်တယ် သား...ဖုန်းကို လက်က မချပါဘူး"

ထမင်းစားချင်စိတ်ပင် ပျောက်သွား၏။ ခြေလှမ်းကျဲကျဲဖြင့် အိပ်ခန်းရှေ့သို့ အလျင်အမြန်လာမိပြီ။ အိပ်ခန်းထဲမှ ဖုန်းပြောနေသံ သဲ့သဲ့ကြားသည်။ တံခါးကို အသာဖွင့်ကာ ပြတင်းပေါက်နားရပ်၍ ဖုန်းပြောနေသော သူ့အနားကို ခြေဖွ လျှောက်သွားပြီး.....

"မိုး....."

"ဟင်... ကိုကို အသံမပေးဘဲဝင်လာတယ်"

ကျွန်တော့်ကို ရုတ်တရက်အနားကပ်မြင်လိုက်ရသဖြင့် လန့်သွားပြီး ဖုန်းချလိုက်သည့် မိုးမျက်နှာက တစ်မျိုးဖြစ်နေသလိုပင်။

"မင်း...ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ"

"အမေနဲ့ပါ ကိုကို"

မျက်လွှာချကာ ပြန်ပြောသည့် သူ့စကားကို ကျွန်တော် မယုံ။

"ပြစမ်း ခုနက ပြောတဲ့ဖုန်းနံပါတ်"

မယုံသင်္ကာမျက်နှာပေးနှင့် ဆိုလာသော ကျွန်တော့်ကို အံ့ဩစွာကြည့်ပြီး သူ့လက်ထဲက ဖုန်းကို ဖွင့်ပြ၏။

"အင်း....ဘာတဲ့လဲ မင်း အမေက.. ဟိုရက်က ပိုက်ဆံလွှဲပြီးပြီမလား။ လိုအပ်ရင် ထပ်လွှဲပေးလိုက်"

"ပိုက်ဆံကြောင့် ဆက်တာမဟုတ်ဘူး ကိုကို။ မိုးတို့ အမေ့ဆီ မသွားတာ သုံးနှစ်ရှိပြီလေ။ ကိုကို မအားလို့ လိုက်မပို့တာလေ။ မိုးတို့ သားအမိ အမေ့ဆီသွားချင်တယ်။ ကိုကို လိုက်မပို့နိုင်ရင်လည်း မိုးသွားမှဖြစ်မယ်။ အမေ ကျန်းမာရေးမကောင်းတာကြာပြီတဲ့ ကိုကိုရဲ့"

"ဟာ...သားကို အမေနဲ့ မမကြီးက တစ်ရက်တောင်ခွဲနိုင်တာမဟုတ်ဘူး။ မင်းတစ်ယောက်ထဲ လွှတ်ဖို့လဲ ကိုကို စိတ်မချပါဘူး။ ပိုက်ဆံသာထပ်လွှဲလိုက်ပါ အထူးကုဆရာဝန်နဲ့ပြ အာဟာရရှိတာ စားလို့ပြောလိုက်"

မျက်ရည်ကြည်များ ရစ်သိုင်းလာသည့် သူ့မျက်ဝန်းက အေးစက်နေသည်ကိုတော့ သတိထားလိုက်မိ၏။ ထမင်းစားပြီးသည်နှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့် တွေ့ရမည်ဖြစ်၍ ည အိမ်အပြန်နောက်ကျမည်ဟု မေမေ့ကို ပြောကာ အပြင်ထွက်ခဲ့၏။ ကျွန်တော့် အလုပ်စီးပွားရေးကိစ္စများကို သူ့ကိုမပြောဖြစ်ပါ။

(၄)

"ကိုကို...အမေ အသည်းအသန်ဖြစ်နေတယ်တဲ့ မိုးတို့သားအမိသွားမှဖြစ်မယ် ကိုကိုစီစဉ်ပေးပါ"

"ဟာ...ဟုတ်လား။ ကိုကိုက လိုက်လို့မရဘူး၊ အရေးကြီးတဲ့ရင်းနှီးမြှုပ်နှံမှု စာချုပ်ချုပ်ဖို့ကိစ္စရှိနေလို့၊ ယာဉ်မောင်း ဦးသက်ကို ပို့ခိုင်းမယ်။ ငွေအလုံအလောက်ယူသွား မိုး"

"ဟုတ်.. သားသား အဝတ်တွေ ထည့်လိုက်ဦးမယ်"

"ဟဲ့..ဟဲ့..ထူးထူးကို ခေါ်သွားလို့မဖြစ်ဘူးလေ။ မနေ့ကမှအဖျားပျောက်ထားတာ"

"မိုး မွေးထားတဲ့သားပါ မေမေ... မိုးလည်း သားကိုဂရုစိုက်တတ်ပါတယ်။ အမေကလည်း သူ့မြေးလေးကို တွေ့ချင်နေလို့ ခေါ်သွားမှဖြစ်မယ်"

"သားရေ...မိုးကို ပြောပါဦး။ ထူးထူးလေးက နာလန်ထစလေ။ ပြီးတော့ခရီးဝေးသွားဖူးတာ မဟုတ်ဘူး"

"ဟယ်... ခေါ်မသွားပါနဲ့ မိုးရယ်။ အညာမှာ အနေအစား မတူကြတာနဲ့ ထူးထူးလည်းနေတတ်မှာ မဟုတ်ဘူး"

မမကြီးကပါ သားကိုဖက်ထားရင်း ဝင်ပြောလာ၏။

"ဟုတ်သားပဲ မိုးရယ်။ မရီကို အဖော်ခေါ်သွားပါ။ ပိုက်ဆံလည်း မမကြီးဆီက များများယူသွား။ မိုးလည်း သိပ်ကြာကြာ မနေနဲ့နော်။ သားကို ထည့်လိုက်ဖို့ ကိုကို ခွင့်မပြုနိုင်ဘူး"

ကျွန်တော့် မျက်နှာကို သူ အတော်ကြာကြာ စိုက်ကြည့်ပြီးမှ....

"ကိုကိုတို့မိသားစုက သိပ်ကိုအတ္တကြီးကြတယ်နော်။ မိုး သားကို မိုး မပိုင်သလို ခံစားရတယ်"

သူ့စကားကို မေမေနှင့် မမကြီးက မသိကျိုးကျွန်ပြုနေကြ၏။

"မိုးကလည်းကွာ။ အဲဒီလို သဘောမဟုတ်ပါဘူး။ သားကိုခေါ်မသွားတော့ မိုး အမေ့ကို သေချာပြုစုလို့လည်း ရတယ်လေ။ သိပ်မကြာပါနဲ့ ကိုကို့ဆီ ဖုန်းဆက်နော်"

သူ့ ပခုံးလေးကိုဖက်ရင်း နှစ်သိမ့်နေသည့် ကျွန်တော့်ကို သူ ဘာစကားမှ ပြန်မပြောဘဲ အိမ်ခန်းထဲ ဝင်သွားသည်။

(၅)

"မေမေ...မိုး ဖုန်းကိုခေါ်လို့မရဘူး။ စက်ပိတ်ထားတယ်။ မရီကို ဖုန်းဆက်ပြီး အကျိုးအကြောင်း မေးကြည့်ပါဦး မေမေ"

"အေး...မေမေလည်း သားပြန်လာတာနဲ့ ပြောမလို့ပါကွယ်။ မိုး အမေ မနက်က ဆုံးသွားတယ်တဲ့။ သူတို့ရက်လည်ပြီးမှပြန်လာမယ်လို့ မရီဖုန်းဆက်တယ်"

"ဟာဗျာ... စိတ်မကောင်းပေမယ့် သားလိုက်သွားလို့လည်း မရဘူး။ လုပ်ငန်းတွေက ခဏထားခဲ့လို့ကို မရတာ။ မိုးကလည်း သွားကတည်းက ဖုန်းဆက်လို့ကို မရတော့တာ"

"မိုးက စိတ်ဆိုးသွားတာလေ။ မင်း မမကြီးပေးတဲ့ပိုက်ဆံတောင် ယူမသွားဘူး။ ဆုံးတဲ့သူက ဆုံးသွားပြီပဲ။ မိုးလည်း အချိန်တန်ပြန်လာမှာပါ သားရယ်"

ကျွန်တော်ဘာမှမပြောတတ်တော့ပါ။ စီးပွားရေးတိုးသည်ထက်တိုးရေးသာ အာရုံများလျက်။

(၆)

ဆယ်ရက်ကြာပြီး သူတို့ပြန်ရောက်လာကြသည်။ အိမ်ပြန်ရောက်ပြီးကတည်းက မေမေနှင့် မမကြီးကို သူစကားမပြောတော့။ သားသားကိုလည်း ထွေးပွေ့ယုယခြင်း မလုပ်ဟု မေမေက ပြောပြ၏။ ကျွန်တော်ကလည်း အမြဲအလုပ်များသူဖြစ်၍ သူ့ကိုအချိန်မပေးနိုင်။ ဖုန်းတစ်လုံးနှင့်သာ သူအချိန်ဖြုန်းနေတတ်ပြီး တစ်ခါတစ်ရံ တစ်နေကုန်နီးပါး shopping ထွက်တတ်သည်ဟု သိရလည်း သူ့မိခင်အတွက် ဝမ်းနည်းစိတ်ဖြေဖျောက်နေခြင်းဖြစ်မည်ထင်ကာ ဘာမှမမေးဖြစ်ခဲ့။ တဖြည်းဖြည်းနှင့် သူ့ပုံစံက မိသားစုကို စိမ်းသက်လာသလိုပင်။ ကျွန်တော် အိမ်ပြန်လာသည့် နေ့ခင်းတစ်ခဏကိုပင် ရှောင်နေတတ်၏။ ကျွန်တော် ညပြန်မလာသေးလျှင်လည်း စောင့်မနေဘဲ အိပ်နေတတ်သည်။ ကျွန်တော် တရေးနိုးတော့ ခုတင်တစ်ဖက်စွန်း ရွှေ့ကာ ကျောပေးအိပ်ရင်း သူ ဖုန်းသုံးနေ၏။

"မိုး အိပ်ရေးပျက်ခံပြီး လိုင်းတက်နေတာလား။ တစ်နေကုန်လည်း လိုင်းသုံးနေတာပဲဆို"

"ဟုတ်တယ်လေ။ မိုးအတွက်က ဒီလိုင်းသုံးစရာပဲရှိတာ။ သားကလည်း မိုးကိုမကပ်ဘူး။ ဘယ်ကပ်မလဲ အဘွားနဲ့ ကြီးကြီးက သည်းသည်းလှုပ်နေတာကို။ ကိုကိုကကော မိုးကို ဂရုစိုက်လို့လား"

"ကိုကို စီးပွားရှာနေတာ မိုးတို့ သားအမိအတွက်လေကွာ"

"ဟုတ်လား။ အဟက်...ဟား...ဟား...ဟား"

"ဘာရယ်စရာပါလဲ။ ပေးစမ်း..."

စိတ်တိုတိုနှင့် သူ့လက်ထဲကဖုန်းကို ဆွဲလုယူလိုက်၏။ ဖုန်းကို သူပြန်အလုမှာတော့ တွန်းထုတ်လိုက်ပြီး ရေချိုးခန်းအတွင်းဝင်ကာ ချက်ချလိုက်၏။ Messenger မှ စာများအဆက်မပြတ် ဝင်လျက်။

"ဘုန်း...ဘုန်း...။ ကိုကို ခုတံခါးဖွင့် မိုးရဲ့ကိုယ်ရေးကိုယ်တာ။ ကိုကို ဖတ်စရာမလိုဘူး"

သူ့စကားကို အရေးမလုပ်နိုင်။ Messenger က စာတွေဖတ်ပြီး ကျွန်တော် အသက်ရှူရန် မေ့နေသလို ရင်တွင်း၌ အပူမီးများ တောက်လောင်နေသည်မှာ ဆိုဖွယ်မရှိ။ သူတို့ပြောနေကြသည်မှာ ဘဝသစ်ထူထောင်ရေးပင် ဖြစ်၏။ ဘယ်လိုမှ ခွင့်မလွှတ်နိုင်သည့်စိတ်။ ကျွန်တော် မသိအောင် သူက နောက်တစ်ယောက် ယူသွားလျှင် ဆွေမျိုးအသိုင်းအဝိုင်းကြား၌ ကျွန်တော့်သားအပေါ် အရိပ်မည်း ထပ်ဟပ်ပေတော့မည်။ ထိုသို့အဖြစ်မခံနိုင်။

(၇)

"ကဲ...ဘာဖြေရှင်းမလဲ။ မင်းတို့က ဘဝသစ်ထူထောင်ဖို့တောင် ကြံရွယ်ထားကြပြီပဲ။ ပြောပါဦး ငါ ဘာလိုအပ်ချက်ရှိနေလို့လဲ။ မင်းက ငါနဲ့နေရတာ မပျော်တော့ဘူးဆိုတာက"

"ဘာမှ မဖြေရှင်းဘူး။ စာတွေ အကုန်ဖတ်ပြီးပြီပဲ။ စိတ်တူကိုယ်တူလူနဲ့ မိုးဘဝသစ်ပြန်စမယ်။ ဒီ အိမ်မှာ မိုးသဘောဆန္ဒမရှိရဘဲ စိတ်သေတဲ့လူအဖြစ် ဆက်ပြီး မနေနိုင်တော့ဘူး။ မကျေနပ်ရင် ဥပဒေအရ ကြိုက်သလိုလုပ်"

"ဘာ.... ကောင်းပြီ။ မင်းက ငါတို့ မိသားစုအတွက် စိတ်သေသွားပြီပေါ့လေ။ အေး... မင်းကိုလည်း ငါ့မိသားစုမှာ သေလူအဖြစ် စာရင်းသွင်းပေးမယ်"

သည်တစ်ကြိမ်လည်း ကျွန်တော့် စီမံမှုကို သူလက်ခံ၏။ မနက်လင်းသည်နှင့် ကျွန်တော်နှင့်သူ ခရီးထွက်မည်ကို သိရတော့ မေမေနှင့် မမကြီး အံ့ဩနေ၏။ နှစ်ယောက်တည်းသွားချင်၍ သားသားကို မခေါ်ဆိုသည်ကို မကန့်ကွက်ကျ။ သားသားကိုဖက်ပြီး နမ်းမဝဖြစ်နေသည့် သူ့ကို ကျွန်တော် မသနား။ ကားဟွန်းကျယ်လောင်သံပေးလိုက်မှ သားသားကို မမကြီးလက်ထဲထည့်ပြီး သူ ကားပေါ်တက်ထိုင်၏။ အံကြိတ်ကာ မောင်းနေသည့်ကားက နေးလွန်းသည် ထင်မိ၏။ သူ့လူစောင့်နေမည့် နယ်စပ်အထိ သူ့ကို ကျွန်တော်လိုက်ပို့မည်။ ထို့နောက် မန္တလေးဟိုတယ်၌ ကျွန်တော် သုံးရက်နေမည်။ အိမ်ပြန်ရောက်သည်နှင့် နယ်စပ်တွင် မတော်တဆမှုတစ်ခုကြောင့် ဆုံးသွားခဲ့ပြီဆိုပြီး သူ့ကိုသေလူစာရင်းသွင်းကာ ဆွမ်းသွတ်တရားနာမည်။ ကျွန်တော့်မိသားစုအတွက် စိတ်သေနေသည့် သူကလည်း ဘယ်တော့မှ ပြန်ပေါ်မလာတော့မည့် သေလူအဖြစ်သာ ရှိနေလိမ့်မည်။ ကျွန်တော့်ရင်တွင်း၌ သူက သေလူ ဟုတ် မဟုတ်ကိုတော့.....။

## တန်ဖိုးရှိတဲ့လူ

❖ အတ္တရှေ့တန်း မတင်မူ
ဆင်ခြင်တွေးတောသူ၊
တန်ဖိုးရှိလူ ဖြစ်စေကြောင်း
နှလုံးစိတ်ဝမ်းကောင်း။
❖ စိတ္တကိန်းအောင်း မေတ္တာကို
ပြောပြကျင့်ရာချို၊
မြတ်ပြဟ္မစိုရ် မင်္ဂလာတရား
လက်ကိုင်ကျင့်သုံးပွား။
❖ ကောင်းလားဆိုးလား မြဲဝေဖန်
ပြုလုပ်မှုမှန်ကန်၊
ဓမ္မခြံရံ ငြိမ်းချမ်းရေး
လောကုတ်လောကီတွေး။
❖ သမိုင်းရေးထိုး ဂုဏ်စွမ်းအင်
တန်ဖိုးရှိအောင်ပင်၊
တည်ဆောက်ပြုပြင် ဘဝလမ်း
ကြိုးစားလို့လျှောက်လှမ်း။ ။

ထက်အောင်လူ(နံ့သာမြေ)

---

## ရခဲလှတဲ့လူ့ဘဝ

❂ သာသနာတွင်း ကာလမယ်
လူဖြစ်လာရကွယ်။
ကုသိုလ်ကံရယ် လွန်ထူးခြား
တန်ဖိုးတကယ်ကြီးမား။
❂ သောက်စားမူးယစ် ပျော်ပါးကာ
အချိန်မဖြုန်းသင့်ပါ။
ဒါနသီလ စောင့်တည်ကြ
အချိန်ရှိတုန်းက။
❂ ကုန်လွန်သွားမှ နောင်တတွေ
ပူပင်သောကပွေ။
မသေခင်မှာ ကောင်းတာလုပ်
ကြိုးစားကာအားထုတ်။
❂ ကိုယ့်ရိက္ခာထုပ် ကိုယ်သာပြင်
ကောင်းဆိုးနှစ်တန်ပင်။
ကိုယ်ထွင်တဲ့လမ်း ကိုယ်သာလှမ်း
မုချရောက်မယ်မှန်း။ ။

မောင်လွမ်းဝေ

---

## တို့လယ်တော

❍ ပါးကွက်ကြားနဲ့ လုံချည်တို
ကောက်စိုက်သမပျို။
ဟစ်ကာသီဆို တေးသီချင်း
လယ်ထဲကောက်စိုက်ရင်း။
❍ ပေါင်းဖော်တစ်သင်း ပျော်ရွှင်စွာ
ပျိုးနုတ်ညီညီညာ။
ပျိုတို့မောင်မှာ ကူသယ်ပေး
စိုက်ကြလက်မနှေး။
❍ မိုးရေဖွေးဖွေး လယ်ယာမြေ
ရှုမဆုံးအောင်လေ။
စိမ်းလန်းစိုပြည် မြရောင်နှော
လှပတို့လယ်တော။ ။

သာကီနွယ်(ညောင်ရမ်း)

---

ဆောင်းပါး

# ရွေးချယ်မှု မှန်ကန်ပါစေ

■ မောင်ကြည်လင်(ရွှေကြိုးကြာ)

တစ်နေ့ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားတစ်ခုသို့ တက်ရောက်ခဲ့ပါသည်။ အခမ်းအနား အကြိုလေ့ကျင့်ခြင်းနေ့တွင် သူငယ်ချင်းတစ်ဦးနှင့် ခန်းမရှေ့တွင် စကားပြောဖြစ်ခဲ့ပါသည်။ သူငယ်ချင်းက “သူ၏ သမီးသည် ဂုဏ်ထူးလေးဘာသာရကြောင်းနှင့် သမီးဖြစ်သူအား ဆေးတက္ကသိုလ်တက်ရန် ပြောထားကြောင်း”စသည်ဖြင့် ပြောပြလာပါသည်။

“မင်းရဲ့ သမီးကကော ဆေးကျောင်းတက်ဖို့ သဘောတူသလား။ သူ့ဝါသနာ၊ သူ့ရည်မှန်းချက်က ဆရာဝန်ဖြစ်ချင်တာလား” ဟု ကျွန်တော် မေးမြန်းသောအခါ “သူက ပညာရေးတက္ကသိုလ် တက်ချင်တာတဲ့၊ ငါကတော့ ဆေးတက္ကသိုလ်ပဲ တက်ရမယ်လို့ ပြောထားတယ်”ဟု ပြန်ဖြေလိုက်သော သူငယ်ချင်း၏ စကားကြောင့် “မိဘအများစုသည် သားသမီးများကို အဘယ်ကြောင့် လွတ်လပ်စွာ ရွေးချယ်ခွင့်မပေးကြသနည်း”ဟု တွေးလိုက်မိပါသည်။

သောအခါ အဘိုးကြီးက “အေး--အေး၊ ဒါနဲ့ မင်းချမ်းသာချင်တာတော့ ဟုတ်ပါပြီ၊ အခုဘာတွေလုပ်နေတုန်း”ဟု ပြန်မေးပါသည်။ လူငယ်လေးက “ကျွန်တော်အခု ကုမ္ပဏီတစ်ခုမှာ ဝန်ထမ်းလုပ်နေတာ ဆယ်နှစ်ကျော်ပြီ၊ အလုပ်လဲ ကြိုးစားတာပဲဗျာ၊ ခုထိမချမ်းသာသေးဘူး”ဟူသော အဖြေစကားကြောင့် အဘိုးကြီး တစ်ချက်ပြုံးသွားကာ “မင်းအခု ဘယ်သူ့အတွက် အလုပ်လုပ်နေတာလဲ”ဟူသော အဘိုးကြီး၏ အမေးစကားကို လူငယ်က “ကုမ္ပဏီမှာလုပ်တာဆိုတော့ ကုမ္ပဏီတိုးတက်ဖို့အတွက်ပေါ့ဗျ”ဟု ပြန်ဖြေလေသည်။ အဘိုးကြီးက “မင်းက မင်းအတွက် လုပ်တာမှ မဟုတ်တာ၊ မင်းကုမ္ပဏီအတွက် လုပ်တာပဲ၊ မင်းချမ်းသာမလား၊ ကုမ္ပဏီပဲ ချမ်းသာသွားမလား၊ ဒါနဲ့နေပါဦး၊ မင်းတစ်နာရီ ဘယ်လောက်နဲ့ အလုပ်လုပ်နေတုန်း”ဟု အဘိုးကြီးက မေးသောအခါ “ကျွန်တော် တစ်နာရီ တစ်ထောင့်ငါးရာ ရတယ်”ဟု လူငယ်က ပြန်ဖြေပါသည်။

ထို့အခါ အဘိုးကြီးက “ဒါဆို မင်းတစ်နေ့မှာ ဘယ်နှစ်နာရီ အလုပ်လုပ်လဲ”ဟူသော အမေးစကားကြောင့် ဆယ်နာရီလောက် အလုပ်လုပ်ပါတယ်ဟု

**ယနေ့လူငယ်အများစုမှာ မိမိတို့၏ ဝါသနာ၊ ရည်မှန်းချက်တို့မပါဘဲ ဆရာဝန်ဖြစ်ခဲ့ရသူ၊ အင်ဂျင်နီယာဖြစ်ခဲ့ရသူ၊ သူနာပြုဖြစ်ခဲ့ရသူ စသည်ဖြင့် များစွာရှိကြပါသည်။ ထိုသူများကို ကြည့်လျှင် အများစုမှာ လုပ်ငန်းခွင်တွင်မပျော်ခြင်း၊ တိုးတက်သင့်သလောက် မတိုးတက်ခြင်း၊ အလုပ်အပေါ် စိတ်ဝင်စားမှုကင်းမဲ့ခြင်း စသည်ဖြင့် ကြုံတွေ့နေကြရပါသည်။ ဤသည်ကား မိမိ၏ဆန္ဒမပါဘဲ မိဘတို့၏ဆန္ဒကို ဖြည့်ဆည်းပေးခဲ့ရခြင်းကြောင့်ဟု ဆိုကြရပေလိမ့်မည်။**

ယနေ့လူငယ်အများစုမှာ မိမိတို့၏ ဝါသနာ၊ ရည်မှန်းချက်တို့မပါဘဲ ဆရာဝန်ဖြစ်ခဲ့ရသူ၊ အင်ဂျင်နီယာဖြစ်ခဲ့ရသူ၊ သူနာပြုဖြစ်ခဲ့ရသူ စသည်ဖြင့် များစွာရှိကြပါသည်။ ထိုသူများကို ကြည့်လျှင် အများစုမှာ လုပ်ငန်းခွင်တွင်မပျော်ခြင်း၊ တိုးတက်သင့်သလောက် မတိုးတက်ခြင်း၊ အလုပ်အပေါ် စိတ်ဝင်စားမှုကင်းမဲ့ခြင်း စသည်ဖြင့် ကြုံတွေ့နေကြရပါသည်။ ဤသည်ကား မိမိ၏ဆန္ဒမပါဘဲ မိဘတို့၏ ဆန္ဒကို ဖြည့်ဆည်းပေးခဲ့ရခြင်းကြောင့်ဟု ဆိုကြရပေလိမ့်မည်။ ထိုလူများမှာ နှုတ်မှဖွင့်ဟမပြောကြသော်လည်း ဘဝအတွက် သူတို့၏ ရည်မှန်းချက်များကို မျက်ကွယ်ပြုကာ “ဂုဏ်ရှိခြင်း” မိဘဆန္ဒကို ဦးစားပေး ရွေးချယ်ရာတွင် မှန်ကန်မှုမရှိခဲ့ကြောင်း သိရှိကာ စိတ်မသက်မသာဖြစ်နေကြရမှာ ဖြစ်ပါသည်။

လူငယ်ဖြစ်စေ၊ လူကြီးဖြစ်စေ မိမိ၏ဘဝ တိုးတက်အောင်မြင်စေရန် မည်သည့်အလုပ်ကိုမဆို ရွေးချယ်မှုမှန်ကန်ရန် အလွန်အရေးကြီးပါသည်။ ရွေးချယ်မှုမှန်ကန်နိုင်စေရန် ဖတ်ဖူးသော ဇာတ်လမ်းတိုတစ်ပုဒ်ကို ပြောပြချင်ပါသည်။ တစ်ခါတွင် အဘိုးကြီးတစ်ယောက်မှာစိတ်ညစ်နေသော လူငယ်တစ်ယောက်ကို တွေ့၍ “သားငယ်လေး မင်းဘာတွေ တွေးပြီး စိတ်ညစ်နေတာလဲ”ဟုမေး၍ အဘိုးကြီးက လူငယ်လေးဘေးမှာ ဝင်ထိုင်လိုက်ပါသည်။ ထို့အခါ လူငယ်လေးက “ကျွန်တော်ဗျာ အခုထိမချမ်းသာနိုင်သေးလို့ ကိုယ့်ကိုယ်ကိုယ်စိတ်ပျက်နေတာ”ဟု ပြန်ဖြေလိုက်သောအခါ အဘိုးကြီး မျက်လုံးပြူးသွားပါသည်။

ထို့နောက် အဘိုးကြီးက “မင်းချမ်းသာချင်လို့လား”ဟု ပြန်မေးသောအခါ “ဦးလေးကလဲဗျာ၊ မချမ်းသာချင်တဲ့သူ ဘယ်သူရှိလို့တုန်း၊ လူတိုင်းချမ်းသာချင်ကြတာပဲဗျ”ဟု အသံမာမာဖြင့် ပြန်ပြောလူငယ်ကပြန်ဖြေလေ၏။ ဤသည်တွင် အဘိုးကြီးက “ဟုတ်ပြီ အဲတာဆိုရင် မင်းတစ်ရက် သုံးသောင်းရချင်ရင် နာရီနှစ်ဆယ် အလုပ်လုပ်မှာလားဟူသော အဘိုးကြီး၏ အမေးစကားကြောင့် လူငယ်က စဉ်းစားနေပါသည်။ ထိုအခါတွင် အဖိုးကြီးက “မင်းနာရီနှစ်ဆယ် အလုပ်လုပ်လို့ရတဲ့ ဝင်ငွေ အတိုင်းအတာကို တချို့လူတွေက တစ်နာရီတည်းနဲ့ ရနေကြတာကော မင်းဘာလို့လဲ မစဉ်းစားမိဘူးလား၊ အလုပ်လုပ်နေရုံ၊ အလုပ်ကြိုးစားနေရုံနဲ့ မချမ်းသာလာနိုင်ဘူး ကလေး၊ ရွေးချယ်မှုမှန်ကန်ဖို့၊ အသိဉာဏ်ရှိဖို့၊ နည်းစနစ်ကျဖို့ တွေလိုတယ်ဟု လူငယ်လေးအား ပြောပြလိုက်ပါသည်။

အဖိုးကြီး၏ ပြောစကားအရ ကျွန်တော်တို့အားလုံး အလုပ်ကြိုးစားလုပ်နေရုံနှင့် မပြည့်စုံပေ။ ရွေးချယ်မှုမှန်ကန်လာစေရန် “ဘယ်လိုတွေလုပ်ရမလဲ”၊ “ဘယ်လိုအသိဉာဏ်တွေရှိဖို့ လိုအပ်မလဲ”၊ “နည်းစနစ်ကျစွာ ဘယ်လိုတွေ အကောင်ထည်ဖော်ဆောင်ရွက်သင့်လဲ”ဟူသော မေးခွန်းများကို မိမိကိုယ်တိုင် မေးမြန်းဖြေကြားရန် လိုအပ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့အားလုံး နေ့စဉ်ဘဝတွင် စာအများကြီးကြိုးစားခြင်း၊ အလုပ်အများကြီး လုပ်ခြင်းများအပြင် ဘဝအတွက် ရွေးချယ်မှုပြုလုပ်ကြရာ၌ “ဘယ်လိုရွေးချယ်သင့်သလဲ”၊ “ဘယ်လိုအလုပ်မျိုးက မိမိအတွက် တိုးတက်နိုင်သလဲ”၊ “မိမိဘဝတိုးတက်ရန် အခွင့်အလမ်းရှိတဲ့အလုပ်ကဘာလဲ”စသည်ဖြင့် စဉ်းစားတတ်ရန် လိုအပ်ပါသည်။

ထို့ကြောင့် ဘဝတိုးတက်ရန်၊ လုပ်ငန်းခွင်ပျော်ရွှင်ရန်၊ အမှားများစွာ မကြုံတွေ့စေရန် မိမိနှင့်သင့်တော်ညီညွတ်သော အလုပ်နှင့် ရည်မှန်းချက်ကို ချမှတ်၍ မှန်ကန်စွာ ရွေးချယ်လျှောက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

## ဘဝတက်လမ်း

☆ ထာဝစဉ် ရိုးသားလို့
ကြိုးစားစို့ တို့မောင်မယ်။
ရေသာခို အချောင်မလိုက်
စိတ်မိုက်ကိုပယ်။
☆ ဇွဲလုံ့လ စိုက်ထူတကယ်
လူ့ဘဝဝယ် အောင်နိုင်ရေး။
ယုံကြည်ရာ ဘဝတက်လမ်းကို
ဖြောင့်တန်းစေလေး။
☆ ရဲရင့်ပြောင် သတ္တိသွေးနဲ့
နိုးကြားမနှေး ဘဝတွင်။
အချိန်ကို တန်ဖိုးထား
တိုးပွားအစဉ်။
☆ ပျင်းရိစိတ် ဖယ်ရှောင်ကြဉ်
အောင်မြင်မည် အမှန်မလွဲ။
ရည်မှန်းရာ ပန်းတိုင်အရောက်
လျှောက်စို့ရဲရဲ။
☆ အခက်အခဲတွေ ရင်ဆိုင်နွဲလို့
အားမာန်ခဲ ဖြတ်ကာကျော်။
တစ်နေ့မှာ အောင်မြင်ခြင်း
လက်ငင်းထင်ပေါ်။
☆ မြင့်မြတ်သော လူသားမဟော်
ဖြစ်ဖို့နော် ရည်မျှော်ရင်း။
ကိုယ့်ဂုဏ်ရှိန် တန်ခိုးထက်လို့
တိုးတက်စေမင်း။ ။

ရဲသွေးနီ(တက်ဝန်)

---

## ချိုသာစကား ပြောစေသား

❖ ဘဝမှာ နေထိုင်ရေး
ပြုကျင့်ပေး နေ့စဉ်ရယ်။
စိတ်ထားကို အမြဲလှစေဖို့
ကျင့်ကြံကြကွယ် ။
❖ လူ့လောက လူ့ဘုံအလယ်
နေထိုင်ဖွယ် မှတ်သား။
ချိုသာစွာ ကိုယ်နှုတ်စိတ်ကို
ထိပ်ဆုံးမှာထား။
❖ မိုက်မဲကာ အသွင်မမှားနဲ့
လမ်းမှန်သွား ချစ်မိတ်ဆွေ။
နှုတ်ဝစီ ကာယနှုန်း
သုံးတတ်ပါစေ။
❖ ဘဝခရီး လှဖို့လေ
အသိတွေ ပွဲပြင်ပေး။
အောင်မြင်မည် ပန်းတိုင်ရောက်
လမ်းဖောက်စို့လေး။
❖ ဘဝကို အလွယ်မတွေးပါနဲ့
ဆုံးဖြတ်ရေး တင့်တယ်စွာ။
ဆက်ဆံခေါ် ယဉ်ကျေးမှု
ပြုစုလေ့လာ။
❖ နေ့သစ်တိုင်း ဖြစ်စေရာ
မင်္ဂလာ ကျက်သရေရှိ။
ကိုယ်စိတ်သည် ပဓာနမို့
တွေးဆသင့်၏ ။ ။

ဖြိုးထက်(ရေစကြို)

## မြို့တော်သန့်ရှင်းသာယာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ဥပဒေချုပ် ဦးဌေးအောင်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သို့ သွားရောက်၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် ဌာနများမှဝန်ထမ်းများ ပူးပေါင်းအင်အား ၁၈၀ ဖြင့် ဝင်းအတွင်း မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှု၊ အုပ်မိုးကိုင်းများ ဖြတ်ညှိအလင်းဖွင့်နေမှု၊ အမှိုက်၊ သဲ၊ ခဲများ လှဲကျင်းရှင်းလင်းနေမှု၊ ကန်ရေပြင် ကြည်လင်သန့်ရှင်းရေး မှော်၊ ဒိုက်များ ဆယ်ယူရှင်းလင်းနေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားသမားများ လှေလှော်



လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် တွံတေးမြို့နယ် မွေးမြူရေးဇုန်စီမံကိန်း လုပ်ငန်းခွင်အတွင်း မွေးမြူရေးဇုန် အဝင်လမ်း ကွန်ကရစ်ခင်းနေမှုနှင့် တွံတေးမြို့ရှောင်လမ်း လမ်းသားတိုးချဲ့ ကွန်ကရစ်ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ စံချိန်စံညွှန်းနှင့် အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

## မူဆယ်မြို့၌ ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲ ကျင်းပ

မူဆယ် ဩဂုတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ၂၀၂၃ ခုနှစ် ခရိုင်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက မူဆယ်မြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။



၂၀၂၃ ခုနှစ် ခရိုင်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲအား မူဆယ်ခရိုင်အတွင်းရှိ မန်ဂျယ်အသင်း၊ ပန်ဆေးအသင်း၊ ဟိန်းရှင်းအသင်း၊ T.M.H Star (တာမိုးညဲ)အသင်း၊ နမ့်ခမ်းမြို့မအသင်း၊ လုံထန်အသင်း၊ တော်ဝင်ထျန်းရီအသင်းနှင့် Energy အသင်းတို့က ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အသင်းစုစုပေါင်း ရှစ်သင်းနှင့် ပြိုင်ပွဲဝင်ကစားသမား ၆၄ဦးတို့က ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ထို့အပြင် ဩဂုတ် ၉ ရက်တွင် နောက်ဆုံးအဆင့်အထိ တက်ရောက်သော အသင်း ရှစ်သင်းအား ထပ်မံယှဉ်ပြိုင်စေလျက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ ပူးတွဲတတိယဆု၊ တံခွန်စိုက်ဒိုင်းဆုကြီး၊ အကောင်းဆုံး အားကစားသမားဆုနှင့် နည်းပြအကောင်းဆုံးဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကုန်သွယ်/စီးပွား

### အရောင်းအဝယ်သွက်နေသည့် မိုးပဲတီစိမ်း

မကွေး ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး အောင်လံမြို့ဈေးကွက်အတွင်းသို့ ၂၀၂၃ ခုနှစ် ဇူလိုင်လ ဒုတိယပတ်မှစတင်၍ မိုးပဲတီစိမ်းအသစ်များ စတင်ဝင်ရောက်လာကာ ပိဿာ ၂၀ တစ်တင်းလျှင် ငွေကျပ် ၅၃၅၀၀ မှ ၅၅၀၀၀ ဖြင့် ဈေးကွက်စတင်ဖွင့်လှစ်ခဲ့ပြီး တရုတ်မှ အဝယ်လိုက်သည့်အတွက် မန္တလေးဈေးကွက်မှ အမြင့်ဈေးပေး၍ ဝယ်ယူမှုရှိကြောင်း သိရသည်။

ဇူလိုင်လ တတိယပတ်အတွင်း မိုးပဲတီစိမ်း အရည်အသွေးကောင်း၊ သင့်၊ ညံ့ အပေါ်မူတည်၍ ရန်ကုန်နှင့် မန္တလေးဝယ်လက်များက ဝယ်ယူခဲ့ကြပြီး ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀ မှ ၅၇၀၀၀-၅၉၀၀၀-၆၂၅၀၀ ထိ ဈေးနှုန်းများ တရိပ်ရိပ်မြင့်တက်၍ နေ့စဉ်ပျမ်းမျှအားဖြင့် တစ်တင်းခွဲအိတ် အိတ်ရေ ၁၀၀၀ ခန့်မှ ၃၀၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လ စတုတ္ထပတ်တွင် ဈေးနှုန်းပြန်လည်တည်ငြိမ်ကာ ငွေကျပ် ၆၂၅၀၀ မှ ၆၀၀၀၀ အထိ ဝယ်လက်များက ဈေးချ၍ ဝယ်ယူကြသော်လည်း အရောင်းပွဲစားများနှင့် တောင်သူများက ဈေးနှုန်းကျဈေးအပေါ် ငွေလိုအပ်သလောက်သာ ရောင်းချပြီး ဈေးကွက်ပြန်လည်ဦးမော့လာမည့်အချိန်အထိ စောင့်ဆိုင်းရောင်းချနေကြကြောင်း သိရသည်။

### ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ချင်းရွှေဟော် ဩဂုတ် ၅

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၁ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၂၅၆ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၂၂၉ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၄၈၅ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ပဲတီစိမ်း ၅၈၃၁ ဒသမ ၇၅ တန်၊ ရော်ဘာ ၂၆၂၁ ဒသမ ၅၀ တန်၊ ပဲယင်း ၃၈၀၀ ဒသမ ၁၈၈ တန်၊ မြေထောက်ပဲ ၅၈၆ တန်၊ ထောပတ်ပဲ ၇၁၂ ဒသမ ၆၄၁ တန်၊ ဆန်ကွဲ ၁၆၄၀ ဒသမ ၂၅ တန်၊ ရော်ဘာကြမ်း ၅၇၄ ဒသမ ၅၀ တန်၊ ပဲလွန်းဖြူ ၆၇၃ တန်၊ စွန်တာနီပဲ တန် ၁၇၀နှင့် နိုင်လွန်ပဲ ၁၃၆ တန် တင်ပို့နိုင်ခဲ့သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ သံနှင့် သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ ဓာတ်မြေဩဇာ၊ စက်နှင့် စက်ပစ္စည်းများ၊ ဇာနှင့် ဇာထိုးထားသောပစ္စည်းများ၊ ဘက်ထရီအခြောက်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ အချိုမှုန့်များ၊ တာယာနှင့် ကျွတ်များ တင်သွင်းနိုင်ခဲ့သည်။

**သတင်းအရင်းအမြစ် - စီးပွား / ကူးသန်း**

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ဆက်လက်ရောင်းချ

နေပြည်တော် ဩဂုတ် ၅

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။



ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**❖ မန်ယူမှ**

အင်တာမီလန်ဂိုးသမား အိုနားနားကို ပြောင်းရွှေ့ကြေးပေါင် ၄၇ ဒသမ ၂ သန်းတို့နဲ့ ခေါ်ယူထားပြီးဖြစ်တာကြောင့် ဟော့ဂျ်လန်းဟာ မန်ယူအသင်းက အခုအပြောင်းအရွှေ့အတွင်းခေါ်ယူခဲ့တဲ့ တတိယမြောက် ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

တိုက်စစ်မှူး ဟော့ဂျ်လန်းဟာ ကစားသမားဘဝကို ဒိန်းမတ်ကလပ် ကိုပင်ဟေဂင်အသင်းနဲ့အတူ စတင်ခဲ့တာဖြစ်ပြီး ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့ကာ ယူရို၂၀၂၄ ခြေစစ်ပွဲစဉ်မှာ ဒိန်းမတ်အသင်းနဲ့အတူ ပွဲစဉ်ခြောက်ပွဲမှာ သွင်းဂိုး ခြောက်ဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

❍

**❂ မြန်မာအမျိုးသမီးလိဂ်မှ**

ဇယားထိပ်ဆုံးတွင် အမှတ်ပြတ်ဦးဆောင်လျက်ရှိသည်။ ထို့ပြင် ဒုတိယနေရာမှ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းနှင့် တတိယနေရာမှ သစ္စာအားမာန်အသင်း ထိပ်တိုက်တွေ့ဆုံသည့်ပွဲမှာလည်း သရေကျခဲ့သဖြင့် ယခင်သုံးမှတ်အသာမှ ငါးမှတ်အသာထိ မြဝတီအသင်းက ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ **ကိုညီလေး**

**❍ ကျောဖုံးမှ**

မွန်ဂိုလီးယား၊ အုပ်စု(C)တွင် ဥဇဘက်ကစ္စတန်၊ ဆီးရီးယား၊ ဟောင်ကောင်၊ အာဖဂန်နစ္စတန်၊ အုပ်စု(D)တွင် ဂျပန်၊ ပါလက်စတိုင်း၊ ကာတာ၊ အုပ်စု (E) တွင် တောင်ကိုရီးယား၊ ဘာရိန်း၊ ထိုင်း၊ ကူဝိတ်၊ အုပ်စု(F)တွင် မြောက်ကိုရီးယား၊ အင်ဒိုနီးရှား၊ ကာဂျစ္စတန်၊ တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲများအဖြစ် မြန်မာအသင်းသည် စက်တင်ဘာ ၁၉ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်း၊ စက်တင်ဘာ ၂၁ ရက်တွင် တရုတ်အသင်း၊ စက်တင်ဘာ ၂၄ ရက်တွင် အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၇ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၆ ရက်အထိကျင်းပမည်ဖြစ်သည်။အုပ်စုခွဲဝေထားမှုအရ အုပ်စု(A)တွင် အိမ်ရှင်တရုတ်၊ ဥဇဘက်ကစ္စတန်၊ မွန်ဂိုလီးယား၊ အုပ်စု(B)တွင် တရုတ်(တိုင်ပေ)၊ ထိုင်း၊ အိန္ဒိယ၊ အုပ်စု(C)တွင် မြောက်ကိုရီးယား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ အုပ်စု(D)တွင် ဂျပန်၊ ဗီယက်နမ်၊ နီပေါ၊ အုပ်စု(E)တွင် တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဖိလစ်ပိုင်နှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၂၂ ရက်တွင် တောင်ကိုရီးယားအသင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ဟောင်ကောင်အသင်း၊ စက်တင်ဘာ ၂၈ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သဃ်ာန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၇

ဒေါ်မေနှင်းသဇင်အောင် နှင့် ဦးဟန်ထွန်းမိုး

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ Star City၊ တိုက် B- 3၊ (၈)လွှာနေ တရားပြိုင် ဦးဟန်ထွန်းမိုး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ ဩဂုတ်လ (၁၈)ရက် (၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင်အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၄)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြတ်မြတ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**သဃ်ာန်းကျွန်းခရိုင်တရားရုံး**

---

## အများသိစေရန်ကြေညာခြင်း

ဒေါ်သဇင်ဝင်း[၁၂/ဒဂတ(နိုင်)ဂ၅၅၅၈၈]နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်သဇင်ဝင်း [၁၂/ဒဂတ(နိုင်)ဂ၅၅၅၈၈]သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ရာဇဓိရာဇ်ဆေးရုံ၌ တာဝန်ထမ်းဆောင်စဉ်အတွင်း ဆေးရုံမှ ချမှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်လိုက်နာခြင်းမရှိသည့်အပြင် ဆေးရုံ၏ အမည်နာမအား ၎င်း၏ကိုယ်ကျိုးအတွက် တလွဲမမှန်မကန်အသုံးပြုခဲ့သဖြင့် ဒေါ်သဇင်ဝင်း[၁၂/ဒဂတ(နိုင်)ဂ၅၅၅၈၈]အား ရာဇဓိရာဇ်ဆေးရုံ၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ပြီးဖြစ်ပါကြောင်းနှင့် ၎င်း၏ပြုမူဆောင်ရွက်ချက်များသည် ရာဇဓိရာဇ်ဆေးရုံနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းအောင် LL.B,D.M.L,D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၅၆)**
**ဖုန်း-09-421123371**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ညၢ၊ မြေကွက်အမှတ်-၈၈၁/ခ၊၁၂၀ဂ၈/ပေမြေကွက်တည်နေရာအမှတ်(၈၈၁/ခ)၊ ရော(၁၅)လမ်း၊ (ည) ရပ်ကွက် ဦးလှမြင့် (T/RGN-005906) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးလှမြင့်(ဖခင်)သည် (၂၅-၇-၂၀၂၁) ရက်နေ့တွင် လည်းကောင်း၊ ဒေါ်တင်(မိခင်)သည် (၂၀-၁-၂၀၁၇)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဦးသန်းထွန်း [၁၂/ဥကမ(နိုင်)ဂ၈၂၅ဂ၇]၊ ဒေါ်စန်းသီတာ[၁၂/ဥကမ(နိုင်)၁၇၃၇၃၉]၊ ဒေါ်စန်းစန်းအေး[၁၂/ဥကမ(နိုင်)၁၇၃၇၄၀]တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သား/သမီး (၃)ဦးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၂၁၁/၂၀၂၃/၂၀-၆-၂၀၂၃၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သွေးသည် အသက်

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃/တိုးချဲ့)ရပ်ကွက်၊ ဆရာစံလမ်း၊အမှတ်(၂၉၂)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-(၃၃/တိုးချဲ့)၊လူနေရပ်ကွက်(-)၊မြေကွက်အမှတ်-(၂၉၂)၊ဧရိယာ(၄၀ပေ×၆၀ပေ)ရှိနှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့်အဆောက်အဦအပါအဝင်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနရှိမြို့မြေစာရင်းမှတ်တမ်းတွင်ဦးမျိုးယဉ်ထွေး(ခ)ဦးယဉ်ထွေး(၇/ကတခ(နိုင်)၀၃၄၂၇၅)၏အမည်ဖြင့်မှတ်သားတည်ရှိပြီး မြေအမည်ပေါက်သူထံမှ(၇-၇-၂၀၂၃)ရက်စွဲပါ ""အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်သည့် နှစ်ဦးသဘောတူစရန်ငွေပေးကတိစာချုပ်"" ဖြင့်ဝယ်ယူထားသူဦးမျိုးသက်(၁၂/သဃက(နိုင်)၀၃၉၂၇၂)မှ မိမိဝယ်ယူထား၍ ရောင်းချပိုင်ခွင့်ရှိသောမြေကွက်ဖြစ်ကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်နှင့်အရှုပ်အရှင်းကင်းရှင်းကြောင်းတို့ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်သဘောတူညီသည့်အတွက်ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို(စရန်ငွေ)အဖြစ် ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအဆိုပါအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ချိုသဲမေ (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၂၄၀၇)
ဖုန်း -၀၉-၄၂၁၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃

---

## ဒေါ်မြင့်မြင့်ဝင်း(ခ)အကြူး [၁၂/လသန(နိုင်)၀၁၄၉၈၁] ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဝေဖြိုးကျော်၏ (၁-၈-၂၀၂၃)နေ့ထုတ် ကြေးမုံသတင်းစာပါ ကြေညာချက်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၄-လမ်း၊ အမှတ်(၇၄)၊ ပထမထပ်ရှိ Seven Golden Lions Enterprise Limited ၏ မန်နေးဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင် (၄) ဦးတို့၏ သဘောတူ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ရှင်းလင်းသိစေအပ်ပါသည်-

Seven Golden Lions Enterprise Limited အနေဖြင့် ဘဏ်၌ အာမခံတင်သွင်းထားပြီး ချေးယူထားသော ဘဏ်ချေးငွေများကို ပြန်လည်ပေးဆပ်နိုင်ရန်အတွက် အာမခံတင်သွင်းထားသော ရန်ကုန်မြို့၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ ပဒုမ္မာလမ်း၊ အကွက်အမှတ်-၇၈/၇၉ ဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို ရောင်းချရန် (၂၀-၇-၂၀၂၃) နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ အစည်းအဝေး၏ ဆွေးနွေးသဘောတူဆုံးဖြတ်ချက်အရ မန်နေးဂျင်းဒါရိုက်တာ ဦးအောင်ဝင်း[၁၂/လသန(နိုင်)၀၀၄၄၂၂]အား တာဝန်ပေးဆောင်ရွက်စေရန် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါသည်။

Seven Golden Lions Enterprise Limited ၏ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင် စီမံဆောင်ရွက်ချက်များအပေါ် မည်သူမဆို ကန့်ကွက်နှောင့်ယှက်ချက်များ မပြုလုပ်ကြရန် သတိပေး ကြေညာလိုက်ပါသည်။

နောက်နောင် ကုမ္ပဏီ၏အကျိုးစီးပွား ထိခိုက်ပျက်စီးစေရန် တမင်ဥပဒေမဲ့ ပြုမူဆောင်ရွက်လာမည်ဆိုပါက ပြုမူဆောင်ရွက်ကြသူတို့အပေါ် ဥပဒေနှင့်အညီ တုံ့ပြန်ဆောင်ရွက်ရလိမ့်မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**

| | |
|---|---|
| **ဦးတင်ထွဋ် H.GP, LLB ( Advocate )** | **ဒေါ်မြတ်သီတာအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၆၀/၉၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၅၁/၂၀၁၇)** |
| **ဖုန်း-၀၉-၄၄၃၁၁၉၂၅၆** | **ဖုန်း-၀၉-၂၅၀၀၂၁၇၇၂** |

**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနလက်အောက်ရှိ ကျိုက္ကဆံ ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းအတွင်းရှိ (၁၂ပေx၂၅ပေ)အကျယ်၊ စပယ်ဆောင်(၁)၊ အခန်းအမှတ်(၉)၏ အမည်ပေါက်ပိုင်ဆိုင်သူ ဦးဖေါင်အကင်း(ခ)မောင်ခင် [၁၂/ကတတ(ပြု)၀၀၀၃၈၅] သည် (၁၆-၇-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်ပါသဖြင့် အဆိုပါဆိုင်ခန်းအား မြန်မာ့ဓလေ့ထုံးထမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်ချောင်လိုင်ကွမ်(ခ)အေးအေးခိုင်အမည်သို့ အမည်ပေါက်ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားအပြည့်အစုံဖြင့် တာမွေမြို့နယ်၊ ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းကွပ်ကဲမှုရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း**
**LLB,D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၅၁)**
**အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊**
**တာမွေမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၃၁၃၅၂**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ လူနေရပ်ကွက်အမှတ်(၃)၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ်(၂၃၆)၊ ဧရိယာ(၀.၀၈၂)ဧက၊ (၆၀'x၆၀')ကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၁၀၈/၂၀၂၃(၇-၇-၂၀၂၃)ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစည်သူသွင်[၁၂/ကမတ(နိုင်)၀၇၁၉၁၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုမွန်[၁၂/ဒဂတ(နိုင်)၀၀၈၆၀၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်နှင့် အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း LL.B**
**အထက်တန်းရှေ့နေ (စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၂)၊ (၆)လမ်း၊ မြေကွက်အမှတ်-၅၆၆ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ စတုတ္ထထပ်၊ (၅)လွှာ၊ (တိုက်ရှေ့မျက်နှာမူလျှင် လက်ယာဘက်ခြမ်း)၊ ဧရိယာ(၅၁၇.၅) စတုရန်းပေ ကျယ်ဝန်းသောတိုက်ခန်းနှင့်ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်သီတာစိုး[၅/တဆန(နိုင်)၀၉၉၄၂၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးနန်းဦးလင်း [၁၂/ရပသ(နိုင်)၀၆၆၁၄၁] နှင့် ၎င်း၏ဇနီး ဒေါ်ဖြိုးဝေဇင် [၁၀/မလမ(နိုင်)၁၈၈၁၃၄]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း LL.B**
**အထက်တန်းရှေ့နေ (စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

---

## "ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အဆောက်အဦအမှတ်(၄၄-အေ)ဟု ခေါ်တွင်သော မြေရှင် ဦးပြည့်ဖြိုးကျော်မှ ဗလီပိုင်မြေအား အခွန်ထမ်း၍ နေထိုင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၃)ထပ်တိုက် အဆောက်အဦ၏ မြေညီထပ် (ခြေရင်းခြမ်း)၊ အကျယ်အဝန်း (၁၁ပေx၅၀ပေ)ရှိ တိုက်ခန်းတစ်ခန်း အပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း"

အထက် ရည်ညွှန်းလိပ်စာပါ တိုက်ခန်းနှင့်ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အပိုင်ရောင်းချသူများဖြစ်ကြသော မိခင်ဖြစ်သူဒေါ်စန်းစန်းအေး[၁၂/ဒဂန(နိုင်)၀၀၉၄၇၈]နှင့် သားဖြစ်သူ ဦးချမ်းငြိမ်းဝင်း [၁၂/လမတ(နိုင်)၀၃၀၈၇၀]တို့မှ အရပ်ကတိ အရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သော တိုက်ခန်းဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းတို့သာလျှင် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ထုတ်ဖော်ဝန်ခံလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စိုးမိုးမြင့်[၁၂/လမတ(နိုင်)၀၃၀၃၉၄]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အားပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်စိုးမိုးမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်နီလာဝင်း(LL.B)** | **ဒေါ်ခြိမ့်ယွန်းဆက်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)** | **အထက်တန်းရှေ့နေ(စဉ်-၄၉၉၅၁)** |

**အမှတ်-၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-778434507, 09-772766716**

---

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်(၆၁/၂)ရပ်ကွက် ရတနာလမ်း၊ရတနာနှင်းဆီ(အဆင့်မြင့်)အိမ်ရာတိုက်အမှတ် (3-A)၊ အခန်းအမှတ်(1805)၊ အကျယ်အဝန်း(၁၂၀၀) စတုရန်းပေရှိသည့် ဦးနေကျော်မင်း(၅/ကလထ(နိုင်) ၁၅၇၅၆၃)အမည်ပေါက် ကွန်ဒိုတိုက်ခန်းအရောင်း အဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းကို စုပေါင်းပိုင်အဆောက်အအုံ ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်တွင် တရားဝင်အမည်ပေါက်သူ-ဦးနေကျော်မင်း (၅/ကလထ(နိုင်)၁၅၇၅၆၃)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ-ဦးကျော်ဇင်လတ်(၁၂/လမတ(နိုင်)၀၂၈၉၉၃)က အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)** |
| **Ph-09 253995848 , 09-798420119** | **Ph-09-4200 73685** |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ မြေကွက်အမှတ်-၁၂၉၂/ခ၊ အကျယ်အဝန်း(၂၂ပေx၆၀ပေ)၊ (၁၃၂၀)စတုရန်းပေ၊ ဧရိယာ(၀.၀၃၀)ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ မြို့မလမ်း၊ အမှတ်(၁၂၉၂/ခ)ဟု ခေါ်တွင်သော နေအိမ်အဆောက်အဦအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဒေါ်သန္တာထွေး [၃/မဝတ(နိုင်)၀၄၉၁၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကြူကြူမိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၃၀)**
**အမှတ်-၇၊ ဘုရင့်နောင်(၁၀)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၂၆၁၇၃**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆-အိုင်၊ မြေကွက်အမှတ် ၆၀ဘီ/၂-အေ၊ ဧရိယာ(၀.၁၃၉)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၉)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်စန်းစန်းမြင့်[၁၂/လသန(နိုင်)၀၀၈၆၂၁]အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်(ဇနီး) ဒေါ်စန်းစန်းမြင့်သည် (၁၄-၅-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဝေါင်ရတ်ထိုင်(ခ) ဦးခင်မောင်မြင့်[၁၂/လမတ(ဧည့်)၀၀၀၅၅၄]မှ တစ်ဦးတည်းသောတရားဝင်ခင်ပွန်းဖြစ်ကြောင်း၊ အခြားသောခင်ပွန်း/ယောကျ်ားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီအမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း (၂၄-၄-၂၀၂၃)ရက်နေ့ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်စန်းစန်းမြင့်၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်အရောင်းအဝယ်စာချုပ်အမှတ်-၄၁၅၉/၂၀၁၆(၂၈-၇-၂၀၁၆)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၉)၊ မြေကွက်အမှတ်(၁၂၉/ခ)၊ ဧရိယာ(၂၀'x ၆၀')၊ မြေကွက်တည်နေရာအမှတ်(၁၂၉/ခ)၊ မြရတနာလမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ် ဦးအောင်ဇင်လှိုင်[၁၂/မဂတ(နိုင်)၀၁၄၇၄၀]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးအောင်ဇင်လှိုင်[၁၂/မဂတ(နိုင်)၀၁၄၇၄၀] (ZMDN-157537)ကိုယ်တိုင်မှ နှစ်(၆၀)မြေငှားဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားရာ မြေစာရင်းမှတ်ချက်(၂)ရှိ ၂၀၀၇ ခုနှစ်တွင် ဦးအောင်ဇင်လှိုင်မှ ဘဏ်ချေး မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ဘဏ်ချေးရန်အတွက် မြေပုံမြေရာဇဝင်မူရင်းကို လျှောက်ထားခဲ့သော်လည်း ထုတ်ယူခြင်းမရှိသည်မှာ မှန်ကန်ကြောင်း မြေစာရင်းမှတ်ချက်(၃) ၂၀၁၁ ခုနှစ်တွင် ဦးအောင်ဇင်လှိုင်မှ မြေပုံကူး လျှောက်ထားခြင်းနှင့်ပတ်သက်၍ ၂၀၁၁ ခုနှစ်တွင် အရောင်းမြေပုံကူးလျှောက်ထားခဲ့ပြီး ၎င်းမြေပုံမှာ ခွင့်ပြုမိန့်မကျခဲ့ကြောင်းနှင့် ဆက်လက်၍ မြေပုံကူးအမှုတွဲအား ဆောင်ရွက်ခဲ့ခြင်းမရှိပါကြောင်း၊ ထိုမြေပုံကူး အမှုတွဲများနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက မိမိကိုယ်တိုင် တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း (၂၈-၁၂-၂၀၂၂)ရက်စွဲ နှင့် (၇-၃-၂၀၂၂)ရက်စွဲပါ တရားရုံးကတိသစ္စာပြုလွှာ၊ ယခု အရောင်းလျှောက်ထားမှုနှင့်ပတ်သက်၍ အမည်ပေါက် ဦးအောင်ဇင်လှိုင် [၁၂/မဂတ(နိုင်)၀၁၄၇၄၀]ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၁၈/၂၀၂၁) (၂၆-၁-၂၀၂၁)ရရှိသူ ဦးတင်ထွဋ်ဝင်း[၁၂/သကတ(နိုင်)၁၁၄၆၂၁]မှ အမှုတွဲအား ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန်နှင့် မြေပုံကူးထုတ်ယူခွင့်ပြုပါရန် မြေရာဇဝင်မှတ်ချက်(၁)ရှိ ၁၉၉၇ ခုနှစ်၊ ဒေါ်သိန်းသိန်း၏ ကန့်ကွက်ချက်နှင့်ပတ်သက်၍ အလုံးစုံ တာဝန်ယူပါကြောင်း အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါကလည်း မိမိတွင်သာ တာဝန်ရှိပါကြောင်း၊ မိမိကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း (၉-၅-၂၀၂၃) ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာနှင့်လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၃/ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ်(၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၄/သ-၃)၊ (၄/သ-၁၄)၊ ဧရိယာ(၀.၅၅၅ဧက)၊ (၀.၁၅၄ဧက)မြေပေါ်တွင် ဆောက်လုပ်ထားသော မဟာဆွေအဆင့်မြင့်အိမ်ရာရှိ (၈ ၃)တိုက်၏ (၄-လွှာ)၊ (A-၄၁၀)၊ အကျယ်အဝန်း (၁၀၈၈)စတုရန်းပေကျယ်ဝန်းသော တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သင်းသင်း [၁၄/အဂပ(နိုင်)၁၆၆၃၈၅] မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နော်လိုဖော [၃/သတန(နိုင်)၀၀၄၈၅၂]ကလည်း ဝယ်ယူရန် သဘောတူညီသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်း အပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မျိုးလင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၁၃) (၁၄-၂-၂၀၁၇)**
**အမှတ်(၃၀)၊ ဗမ္မာ့သီရိ(၁)လမ်းအနောက်၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၁၈၂၆၅၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်- ၉၇၄(ခ)၊ အကျယ်အဝန်း(၂၀'x ၆၀')ရှိ ဦးသက်ပြင်း[၁၂/လမန(နိုင်)၀၇၆၄၆၀] အမည်ပေါက် ပါမစ်အမျိုးအစားမြေကွက်အနက်မှ အကျယ်အဝန်း(၁၀'x၆၀') ခေါင်းရင်းခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ ပန်းခြံ(၂၆)၊ အောင်သုခလမ်း၊ အမှတ်-၉၇၄/ခ ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်မော် [၁၂/လမန(နိုင်)၀၃၄၃၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၀၂၇၄/၀၉)**
**အမှတ်-၉၊ ၁၅၇ လမ်း၊ (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၃၀၅၇၄၆၀၊ ၀၉-၆၉၅၇၄၇၉၉၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဏ၊ မြေကွက်အမှတ်- ၁၀၆၂(ခ)၊ အကျယ်အဝန်း(၂၀'x ၆၀')ရှိ ဦးဝင်းနိုင်[N/OKA-၀၅၃၅၇၁]အမည်ပေါက် ပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ ပန်းခြံ(၂၁)၊ မဟော်သဓာလမ်း၊ အမှတ်-၁၀၆၂/ခ ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နှင်းဝေခိုင် [၁၄/မမက(နိုင်)၀၈၄၄၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၀၂၇၄/၀၉)**
**အမှတ်-၉၊ ၁၅၇ လမ်း၊ (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၃၀၅၇၄၆၀၊ ၀၉-၆၉၅၇၄၇၉၉၇**

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)
## ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်
## ပထမနှစ် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပထမနှစ်သင်တန်းများသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည် -

(က) တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူဖြစ်ရမည်၊
(ခ) သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့် ကိုက်ညီသော ကိုယ်အင်္ဂါ ကျန်းမာသန်စွမ်းသူ ဖြစ်ရမည်၊
(ဂ) အနုပညာဝါသနာပါသူဖြစ်ရမည်၊
(ဃ) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)/ (ပြု)/(ဧည့်)ကိုင်ဆောင်ထားသူ ဖြစ်ရမည်။ (မိတ္တူကို တစ်ပါတည်း ပူးတွဲလျှောက်ထားရမည်။)

၂။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်တွင် သင်ကြားမည့်အထူးပြုဘာသာရပ်အလိုက် အောက်ပါအတိုင်း ဘွဲ့အပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည် -

| | အထူးပြုဘာသာ | သင်တန်းကာလ | ဘွဲ့အမည် |
|---|---|---|---|
| (က) | ဂီတပညာအထူးပြု | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ဂီတ) |
| (ခ) | သဘင်ပညာအထူးပြု | ၄ နှစ် | ဝိဇ္ဇာဘွဲ့(သဘင်) |
| (ဂ) | ပန်းချီပညာအထူးပြု | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ပန်းချီ) |
| (ဃ) | ပန်းပုပညာအထူးပြု | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ပန်းပု) |
| (င) | ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြု | ၄ နှစ် | ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်) |

၃။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)သို့ လျှောက်ထားတက်ရောက်ကြရမည်ဖြစ်သည်။

၄။ လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၌ ဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်းထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ ပတ်စပို့အရွယ် ဓာတ်ပုံ (၇)ပုံတို့နှင့်အတူ ပူးတွဲလျက် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့မှစ၍ လျှောက်လွှာများကို စတင်လျှောက်ထားနိုင်ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့ နောက်ဆုံးထား၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)သို့ ရုံးချိန်အတွင်း လျှောက်လွှာများကို တိုက်ရိုက်ပေးပို့နိုင်ပါသည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ နံနက် ၉:၀၀ နာရီတွင် လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ဝင်ခွင့်ရစာရင်းကို အောက်တိုဘာလ ၂၆ ရက်နေ့တွင် သင်တန်းရေးရာဌာန ကြော်ငြာသင်ပုန်းတွင် ကြေညာ၍ ကျောင်းအပ်လက်ခံသွားမည် ဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ တက္ကသိုလ်ပညာသင်နှစ်အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ ဌာနမှူး (သင်တန်းရေးရာ)၊ ၀၈၅-၄၇၄၀၁၈၄၊ ၀၉-၂၅၀၇၆၂၂၀၃ နှင့် မော်ကွန်းထိန်း၊ ၀၉-၄၀၀၄၀၄၁၇၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(အေးမြတ်မြတ်မွန်)**
**မော်ကွန်းထိန်း**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**

## ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မြောင်းမြ(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ်-၅၀၉၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)ရှိ ဒေါ်မာလာဦး အမည်ပေါက် ပါမစ်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

အထက်ပါမြေကွက်အား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးနိုင်ဝင်း[၅/ခဥန(နိုင်)၀၁၉၅၀၂]**မှ (၁၁-၅- ၂၀၁၅)ရက်နေ့ကတည်းက မြေချပါမစ်မူရင်းနှင့်တကွ အရောင်းအဝယ်ကတိစာချုပ် အဆက်စပ်မူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ အဆိုပါမြေကွက်အား ကျွန်ုပ်တို့၏မိတ်ဆွေမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်းမရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိပဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်းတို့အပြင် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ဆောင်ရွက်လာသူ မည်သူကိုမဆို ကျွန်ုပ်တို့၏မိတ်ဆွေမှ တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးခင်မောင်ချို LL.B, D.B.L** — **ဒေါ်သီတာအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၄၄)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၀)**
**၀၉-၄၄၃၀၇၁၉၈၅၊ ၀၉-၆၈၅၆၈၇၆၈၀**
**အမှတ်-၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ပြင်ဆင်ဖတ်ရှုပါရန်

(၃၁-၇-၂၀၂၃)ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂၆)ပါ တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်ချစ်(စလင်း) ကြော်ငြာတွင် မြေကွက်အမှတ်(၅၃၀) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃/၄ နဝဒေး၊ မြေကွက်အမှတ်-၅၈၊ ဧရိယာ(၀.၀၆၄)ဧက၊ မြေကွက်တည်နေရာအမှတ်-၇၊ Block -၁၆ လမ်း၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ဦးလှိုင်ဦး(PPN-215395)၊ ဒေါ်ရီရီဆန်း (PPN-215752) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှိုင်ဦး [၁၄/ဖပန(နိုင်)၀၉၀၈၃၃] (PPN-215395)၊ ဒေါ်ရီဆန်း [၁၄/ဖပန(နိုင်)၀၃၄၁၄၈] (PPN-215752) တို့ ကိုယ်တိုင်မှ နှစ်(၆၀)ဂရန် မူရင်းနေအိမ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါဂရန်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင် ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
